# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၀၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ယနေ့ ဖတ်စရာ

တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း — ဥပဒေ — စာ ၃

မရယူနိုင်ခြင်းသည် ကွဲပြားသော အခင်းအကျင်းများဆီသာ ဦးတည်စေသည် — ဆောင်းပါး — စာ ၁၀

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသန ညီလာခံ — ဆောင်းပါး — စာ ၁၁

ဂျပန်လဆင်းယာဉ်တစ်စင်း ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက် — နိုင်ငံတကာသတင်း — စာ ၁၄





(၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ကယားရိုးရာ စပါးထောင်းပြိုင်ပွဲတွင် တိုင်းရင်းသားလူငယ်များ ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

## (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၅**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သည့်(၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမဌာကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဉာဏ်ထွန်းနှင့် ဒေါက်တာညွှန့်ဖေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဇဟိုအဖွဲ့အကြံပေးအဖွဲ့ဝင် စောဒန်နီယယ်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁ ✻*



မြန်မာ့အလင်း

# အားနှင့်မာန်နှင့် ပြန်လည်ရှင်သန်

(၇၃) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားကို ပြည်နယ်၏ မြို့တော် လွိုင်ကော်မြို့တွင် ကျက်သရေမင်္ဂလာရှိစွာ၊ စည်ကားသိုက်မြိုက်ခမ်းနားစွာ ကျင်းပခဲ့ကြောင်း သတင်းများတွင် တွေ့မြင်ရသည်။ ကယားပြည်နယ်နေ့ ဖြစ်ပေါ်လာရခြင်း၏ သမိုင်းကြောင်းမှာ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်နယ်တစ်ခုအဖြစ်ပါဝင်သော ကရင်နီပြည်နယ်ကို ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေအရ လွှတ်တော်ဆန္ဒဖြင့် ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ကယားပြည်နယ်အဖြစ် တရားဝင်ပြောင်းလဲခေါ်ဝေါ်ခဲ့သည့်နေ့ကို "ကယားပြည်နယ်နေ့" အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

တောတောင်ရေမြေ သဘာဝအလှ၊ ရိုးရာယဉ်ကျေးမှုများအလှတို့နှင့် ပြည့်စုံပြီး သယံဇာတပေါကြွယ်ဝသည့် ကယားပြည်နယ်သည် မကြာမီကာလအတွင်းက ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်ဖျက်ဆီးတိုက်ခိုက်မှုများကြောင့် အကျည်းတန်ခဲ့ရသည်။ KNDF နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဒေသတွင်းတည်ငြိမ်မှု ပျက်ပြားအောင်ပြုလုပ်ခြင်း၊ မြို့ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ဖောက်ကားရေးတို့ ပျက်စီးစေရန် လမ်း၊ တံတားနှင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်း၊ တက္ကသိုလ်စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ စသည်တို့ကို ဖျက်ဆီးခြင်း စသည့်လုပ်ရပ်များကို ထောက်ထားစာနာမှုကင်းမဲ့စွာ ပြုလုပ်ခဲ့ကြခြင်းကြောင့် ဒေသခံပြည်သူများမှာ အိုးအိမ်နှင့် နေရပ်တို့ကို စွန့်ခွာတိမ်းရှောင်ခဲ့ကြရသည်။ တိုင်းရင်းသားပြည်သူ မိသားစုပေါင်းများစွာတို့ အတိဒုက္ခရောက်ခဲ့ကြရသည်။

ဒေသတည်ငြိမ်အေးချမ်းမှုနှင့် ဒေသခံတိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝများ လုံခြုံမှုတို့မှာ ဒေသတွင်းနေထိုင်ကြသည့် လက်နက်ကိုင်အဖွဲ့အစည်းတို့၏ အကြမ်းဖက်အဖျက်လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရခြင်းပင်ဖြစ်သည်။ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်စီးသွားသည့်အခါ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားရသည့်အပြင် တည်ဆောက်ပြီးစီးမှု ဟူသမျှတို့လည်း ဖျက်ဆီးခြင်းခံရပြီး ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို များစွာနိမ့်ကျသွားစေသည်။ ဒေသတွင်း လက်နက်ကိုင်ပဋိပက္ခများဖန်တီးခြင်းသည် ဒေသကိုဖျက်ဆီးခြင်းပင်ဖြစ်ပြီး ဒေသခံတိုင်းရင်းသား ပြည်သူလူထုကိုပါ အတိဒုက္ခကျရောက်စေရန် ကာယကံမြောက်ကျူးလွန်ခြင်းပင်ဖြစ်ရာ ယင်းသို့သောလုပ်ရပ်များကို ဒေသခံပြည်သူများ၏ စုပေါင်းအားဖြင့် ဝိုင်းဝန်းဆန့်ကျင်တားဆီးသွားကြရန်လိုသည်။

မည်သို့ပင်ဆိုစေ ယခုအခါတွင် လွိုင်ကော်သည် ပြာပုံထဲမှ ပြန်လည်ရှင်သန်လာသည့် ဖီးနစ်ငှက်ကဲ့သို့ အားသစ်မာန်သစ်ဖြင့် လှပသစ်လွင်စွာ ပြန်လည်နိုးထလာခဲ့ပြီဖြစ်သည်။ အဓမ္မဝါဒီ အကြမ်းဖက်အုပ်စုတို့၏ ဖျက်ဆီးခဲ့သမျှတို့ကို ဓမ္မဝါဒီအပြုအင်အားစုတို့က ပြန်လည်တည်ဆောက်ခဲ့ကြရခြင်းဖြစ်သည်။ ရပ်ရွာများအတွင်း မိုင်းရှင်းလင်းရေး၊ ကျောင်းသား ကျောင်းသူများ စာသင်ခန်းများသို့ ပြန်လည်ဝင်ရောက်နိုင်ရေး၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး၊ ခရီးသည်နှင့် ကုန်တင်ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲနိုင်ရေး၊ ဆက်သွယ်ရေးတာဝါတိုင်များ ပြန်လည်တည်ဆောက်ရေး၊ မြို့ကျက်သရေဆောင်ဈေး ပြန်လည်တည်ဆောက်ရေးစသည်တို့အပြင် ဒေသခံပြည်သူများ ခံစားခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများအထိ ပြန်လည်ကုစားနိုင်ရန် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မိမိတို့နိုင်ငံသည် သာမန်မဟုတ်သော အခြေအနေတစ်ရပ်ကို ဖြတ်သန်းနေရပြီး နိုင်ငံ၏နေရာဒေသအနှံ့အပြားတို့တွင် လက်နက်ကိုင် အကြမ်းဖက်မှုများဖြစ်ပေါ်လျက်ရှိသည်ကို မိမိတို့အားလုံး သိရှိထားကြပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် ဖိတ်ခေါ်လမ်းဖွင့်ပေးထားပြီး လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းဖြင့် တောင်းဆိုမှုများကို လိုက်လျောမည်မဟုတ်ကြောင်းလည်း အတိအလင်းထုတ်ဖော်ပြောကြားထားသည်။ အကြမ်းဖက်လက်နက်ကိုင် တိုက်ခိုက်မှုများကို တိုက်ရိုက်ခံစားရသူများမှာ ပြည်သူများသာလျှင်ဖြစ်ရာ မိမိတို့ဒေသအတွင်း လက်နက်ကိုင်အဖွဲ့အစည်းများ ခိုအောင်းလှုပ်ရှားမှုများ၊ ၎င်းတို့သက်ဆိုးရှည်စေမည့် ကိစ္စရပ်များကို ဒေသခံပြည်သူအားလုံးက ဝိုင်းဝန်းဆန့်ကျင်တားဆီးကြရပါမည့်အကြောင်း။ ။




## ၁၅ - ၁ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅၃၈၀၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)

**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၂ / ၂၀၂၅ )**
၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ခ)၊ (ဏ) နှင့် (ဓ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ခ) **မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ ငါးလုပ်ငန်းနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းမှအပ နည်းစနစ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ စုဆောင်းခြင်းဖြင့် ဖြစ်စေ တိရစ္ဆာန်များအား မွေးမြူခြင်းလုပ်ငန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ တိရစ္ဆာန်များအား မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလည်း ပါဝင်သည်။

(ဏ) **သားသတ်ခြင်းလုပ်ငန်း** ဆိုသည်မှာ စီးပွားဖြစ် ထုတ်လုပ်ရောင်းချရန် တိရစ္ဆာန်ကို သတ်ဖြတ်သည့်လုပ်ငန်းဖြစ်စေ၊ ယင်းလုပ်ငန်းမှရရှိသည့် တိရစ္ဆာန်ထွက်ပစ္စည်းများ သိုလှောင်သည့်လုပ်ငန်းကိုဖြစ်စေ ဆိုသည်။

(ဓ) **ထောက်ခံချက်လက်မှတ်** ဆိုသည်မှာ ပြည်ပသို့တင်ပို့မည့်၊ ပြည်ပမှတင်သွင်းမည့်၊ ပြည်တွင်း၌ ထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်ထုတ်လုပ်သည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသောဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ အရည်အသွေးပြည့်မီခြင်း၊ တိရစ္ဆာန် ကျန်းမာရေးကောင်းမွန်ခြင်း၊ ကူးစက်ရောဂါကင်းရှင်းခြင်း စသည်တို့ ရှိ မရှိ တို့ကို စစ်ဆေးပြီး ဦးစီးဌာနကထုတ်ပေးသော လက်မှတ်ကို ဆိုသည်။"

၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(န)တွင် ပါရှိသော "သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ (င)ကိုအောက်ပါအတိုင်း အစားထိုးရမည်–

"(င) လိုအပ်သည့် နေရာဒေသများတွင် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ရောဂါကင်းရှင်းဇုန်နှင့် ရောဂါထိန်းချုပ်ဇုန်တည်ထောင်ခြင်းနှင့် ဇီဝလုံခြုံမှုဆိုင်ရာ အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊"

၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဈ) သားသတ်ရုံလုပ်ငန်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးခြင်း၊ သားသတ်ရုံနှင့် သားသတ်ခြင်းလုပ်ငန်းကို စစ်ဆေးကြီးကြပ်ခြင်း၊"

၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၁၁ တွင်–

(က) ပုဒ်မခွဲ (တ) ၏ နောက်တွင် ပုဒ်မခွဲ(ထ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ထ) ဤဥပဒေအရ ထောက်ခံချက်လက်မှတ်၊ ခွင့်ပြုလက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်းတို့အတွက် ဝန်ဆောင်ခ၊ မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေးနှင့် အခြားအခကြေးငွေများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊"

(ခ) မူလဥပဒေပုဒ်မခွဲ (ထ) ကို ပုဒ်မခွဲ (ဒ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၇။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(၁) တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ မွေးမြူရေးခြံလုပ်ငန်း၊ မျိုးခြံလုပ်ငန်း၊ ဥဖောက်စက်လုပ်ငန်း၊ လုပ်ငန်းသုံးအဆောက်အအုံနှင့်ပစ္စည်းများ၊"

၈။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂၂ တွင် ပါရှိသော "နှစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီရရှိရန်" ဆိုသည့် စကားရပ်ကို "အာမခံကြေး၊ နှစ်နာကြေး၊ လျော်ကြေး သို့မဟုတ် အကူအညီရရှိရန်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း(၉)၏ နောက်တွင် အခန်း(၉–က)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

**"အခန်း(၉ – က)**
**တိရစ္ဆာန်များအား စုဆောင်းမွေးမြူခြင်းလုပ်ငန်း သို့မဟုတ်**
**တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း**

၂၂–က။ တိရစ္ဆာန်စုဆောင်းမွေးမြူခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုလက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၂၂–ခ။ ပုဒ်မ ၂၂–ကပါ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ)ပါ ပြဋ္ဌာန်းချက်နှင့်အညီသော်လည်းကောင်း ဆောင်ရွက်ရမည်။

၂၂–ဂ။ ပုဒ်မ ၂၂–ခ အရ ခွင့်ပြုလက်မှတ်ရရှိသူသည်–

(က) ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။"

၁၀။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂၃ တွင် ပါရှိသော "သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကိုဖြစ်စေ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၁။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၂၉။ ဦးစီးဌာနသည် ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းပြုမည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါးများကို စစ်ဆေးနိုင်ရန် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းများကို စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။"

၁၂။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း(၁၁)၏ နောက်တွင် အခန်း(၁၁–က)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

**"အခန်း(၁၁ – က)**
**မှတ်ပုံတင်ခြင်း**

၃၁–က။ တိရစ္ဆာန်၊ မွေးမြူရေးခြံလုပ်ငန်း၊ မျိုးခြံလုပ်ငန်း၊ ဥဖောက်စက်လုပ်ငန်း၊ ပျားမွေးမြူရေးလုပ်ငန်းများ သို့မဟုတ် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်း၊ သားသတ်ရုံလုပ်ငန်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သက်ဆိုင်ရာပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်ခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၁–ခ။ (က) ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူးသည်–

(၁) ပုဒ်မ ၃၁–က အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန်ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစား ဖြစ်လျှင် ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ခ) ဦးစီးဌာန၏ ခရိုင်ဦးစီးဌာနမှူးသည်–

(၁) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့်လုပ်ငန်းအမျိုးအစား ဖြစ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

(ဂ) ဦးစီးဌာန၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေဦးစီးဌာနမှူးသည်–

(၁) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက မိမိထုတ်ပေးပိုင်ခွင့်ရှိသော ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားဖြစ်ပါက သတ်မှတ်သည့်အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

(၃) မိမိထုတ်ပေးပိုင်ခွင့်မရှိသည့် ပစ္စည်းအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစား ဖြစ်လျှင် ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြရမည်။ *စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် -

(၁) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၃)အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ညီ မညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ပါက လျှောက်ထားသူအား သတ်မှတ်ချက်များနှင့်အညီ ပြန်လည်လျှောက်ထားနိုင်ရန် အကြောင်းကြားရမည်။

၃၁-ဂ။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကိုလိုက်နာရမည်။

(ခ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဂ) မိမိလုပ်ငန်းတွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိရပါက ဦးစီးဌာနသို့ အမြန်ဆုံး အသိပေးအကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အသိပေးအကြောင်းကြားပြီးနောက် ဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ရမည်။"

၁၃။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၃၇ ခြေဆင်း၊ ပုဒ်မ ၃၇ ပုဒ်မခွဲ(ဂ) နှင့် (ဃ)၊ ပုဒ်မ ၄၂၊ ၄၃ နှင့် ၄၈ တို့၏ ခြေဆင်းတွင် ပါရှိသော "ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်" ဆိုသည့် စကားရပ်ကို "ခွင့်ပြုလက်မှတ်၊ ထောက်ခံချက်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၄။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၄၂ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၄၄နှင့်၄၉တို့တွင်ပါရှိသော "သားသတ်ရုံတည်ထောင်ခြင်း"နှင့် "သားသတ်ရုံတည်ထောင်ခြင်းလုပ်ငန်း"ဆိုသည့်စကားရပ်တို့ကို "သားသတ်ရုံလုပ်ငန်း"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅၃ ၏ နောက်တွင် ပုဒ်မ ၅၃ - က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅၃-က။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ ဝန်ဆောင်ခနှင့်အခြားအခကြေးငွေ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။"

၁၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅၅ ၏ နောက်တွင် ပုဒ်မ ၅၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅၅-က။ ဤဥပဒေဖြင့် ရုပ်သိမ်းသော တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဆု ရရှိသူတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးအပ်စဉ်။

*※ ရှေ့ဖုံးမှ*

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဦးဉာဏ်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲရေးမှူးတို့က ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အထိမ်းအမှတ် မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားကို ပြည်နယ်ခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ရောက်ရှိနေရာယူပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းကို အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ပေးပို့သော (၇၃) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်သဝဏ်လွှာကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုရရှိသူများ၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲနှင့် (၂၅) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲရေးမှူးတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ရေးရာဝန်ကြီးဌာနမှပေးအပ်သည့် 50 KW ဆိုလာအစုံ ၁၀၀ နှင့် ကယားပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအတွက် ငွေကျပ် ၁၅၁ သိန်းတန်ဖိုးရှိ အခြေခံစားသောက်ကုန်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက ပြန်ကြားရေးဝန်ကြီးဌာနမှ ပေးအပ်သည့် DTH စလောင်းအစုံ ၅၀ နှင့် Set Top Box အစုံ ၁၀၀ တို့ကိုလည်းကောင်း ပေးအပ်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဆုရရှိသူများနှင့်အတူ

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဦးဉာဏ်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲရေးမှူးတို့ ကယားပြည်နယ်နေ့အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္ဗဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဝမ္ဗဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၄ မှ*

စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ကျင်းပသည့် ကယားရိုးရာစပါးထောင်း၊ ကယား၊ ကယန်း ရိုးရာနပန်းအပါအဝင် ရိုးရာအားကစားပွဲများနှင့် မူကြိုကလေးငယ်များ၏ ကာယစွမ်းရည်ပြိုင်ပွဲများတွင် ကလေးငယ်များ၊ ကျောင်းသားကျောင်းသူများနှင့် တိုင်းရင်းသားလူငယ်များ ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိကြသူများအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် လှိုင်ကော်မြို့ လောဝမ္မရပ်ကွက်နှင့် ဒေါတမရပ်ကွက်ရှိ ဘူတာလမ်း ကတ္တရာကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဘူတာလမ်း ကတ္တရာကွန်ကရစ်လမ်းသစ် ဖွင့်ပွဲမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍ လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကာ တက်ရောက်လာသော တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် လှိုင်ကော်မြို့ တည်ဆောက်ဆဲ သီရိမင်္ဂလာဈေးသစ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့်ဈေးသစ် တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ လှိုင်ကော်မြို့ ခုတင် ၅၀၀ ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆေးပဒေသာပင်ရန်ပုံငွေကျပ် ၅၅ သိန်း၊ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများက လက်ခံရယူကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနား တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် ဖျားနာဆောင်နှင့် သားဖွားမီးယပ်ဆောင်တွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးကာ လူနာများအတွက် အာဟာရဖြည့်စွက်စာနှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး ကျောက်ကပ်တု သန့်စင်ဌာန၊ ရောဂါရှာဖွေရေးဌာန၊ ကွန်ပျူတာဓာတ်မှန်ဌာနနှင့် ဆေးသိုလှောင်ရုံများသို့ လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် လှိုင်ကော်မြို့ပေါ်ရှိ ရွှေတောင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည့် ဆန်၊ ဆီ၊ ပဲ၊ ဆား စသော လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းမင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လှိုင်ကော်မြို့အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့်ပျက်စီးသွားသော သာသနိက အဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ် သန်း ၂၃၉ ဒသမ ဝ၆ဝ နှင့် လှိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများအတွက် လှူဒါန်းငွေကျပ် သိန်း ၁၅၀ ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့် ဦးရွှေကြိမ်းတို့က ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ရွှေတောင်ပရိယတ္တိ စာသင်တိုက်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ရေကြီးမြင့်တက်ခဲ့မှုများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ကယားပြည်နယ်နေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ဗဟိုပြခန်း၊ MSME ပြခန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ သစ်တောနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးပြခန်းများ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုပြခန်းများနှင့် ကယားရိုးရာအစားအစာနှင့် အဝတ်အထည် အရောင်းဆိုင်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း လှိုင်ကော်မြို့ ခုတင် ၅၀၀ ဆံ့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသသည့်လူနာများအား အာဟာရဖြည့်စွက်စာနှင့် ချီးမြှင့်ငွေပေးအပ်စဉ်။

# ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဟုမ္မလင်းတပ်နယ်နှင့် လဟယ်မြို့ရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် ဇန်နဝါရီ ၁၄ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့ တပ်နယ်ခန်းမ၌ ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တစ်ဦးချင်းစွမ်းရည်မြှင့်တင်ရေး၊ တပ်ဖွဲ့လိုက်စွမ်းရည်မြှင့်ရေးတို့အတွက် အမြဲလေ့ကျင့်နေရန်၊ တပ်တိုင်း၊ ရဲဘော်တိုင်းရှိရမည့် အခြေခံအရည်အချင်းငါးပါးကို သိရှိနားလည်ပြီး ကျင့်ကြံလိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တပ်နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသနေသည့် စစ်သည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။



ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့်အတူ လဟယ်မြို့ နယ်မြေခံတပ်ရင်းသို့ သွားရောက်ပြီး တပ်ရင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပေါင်းစပ်ဖြည့်ဆည်းပေး



**နေပြည်တော် ဇန်နဝါရီ ၁၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံးတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် လဟယ်၊ နန်းယွန်း၊ လေရှီးမြို့နယ် သုံးမြို့နယ်ပါဝင်ပြီး သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၅၆ ဒသမ ၀၁ ရာခိုင်နှုန်းရှိကြောင်း၊ သဘာဝသစ်တောများ ထိန်းသိမ်းရေး၊ သစ်တောပြုန်းတီးမှုကာကွယ်ရေးနှင့် ရွှေ့ပြောင်းတောင်ယာများ လျော့နည်းပပျောက်စေရေးအတွက် ဒေသခံပြည်သူများအား အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပွင့်လင်းရာသီတွင် တောမီးလောင်မှုနှင့် မီးခိုးမြူငွေ့ ဖြစ်ပွားမှု ပပျောက်စေရေးအတွက် ဆက်စပ်ဌာနများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်လေထုအရည်အသွေးနှင့် ရေအရည်အသွေးများကို ပုံမှန်တိုင်းတာ ထုတ်ပြန်ပေးသွားရန်လိုကြောင်း၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသယ်ဆောင်မှုမရှိစေရေး တားဆီးသွားရန်နှင့် သစ်တောများ၏ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျရာဒေသတွင် ဝန်ထမ်းကောင်းပီသစွာဖြင့် တိုင်းပြည်အကျိုးကို တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ် (၃) အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ်(၃) အကောင်အထည်ဖော်မှု ကြီးကြပ်ရေး ကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ ကော်မတီအတွင်းရေးမှူး၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ်(၃) အကောင်အထည်ဖော်မှု ကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်များ ဖြစ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၊ မြန်မာ့စီးပွားရေးဘဏ်၊



ငွေကြေးဆိုင်ရာ မှုခင်းတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့၊ ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ငွေရေး ကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံ ဘဏ်များအသင်း၊ မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၊ သတင်းပို့ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈)၌ အမျိုးသားအဆင့် မဟာဗျူဟာ၏ ရည်မှန်းချက်များ ပြည့်မီစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မဟာဗျူဟာ (၅)ရပ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး မဟာဗျူဟာနယ်ပယ်(၃) အနေဖြင့် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ပိုမိုထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် မဟာဗျူဟာပါ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချက်များကို သတ်မှတ်အချိန်ကာလအတွင်း ပြီးမြောက်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို လိုက်နာဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ တည်ဆဲဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မိုးမိုးကြည်က မဟာဗျူဟာနယ်ပယ်(၃) သတင်းပို့ အဖွဲ့အစည်းများ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် မဟာဗျူဟာအစီအစဉ်များကိုလည်းကောင်း၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်စိုးက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ(၂၀၂၄-၂၀၂၈) နှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာသူများက ဌာန၊ အဖွဲ့အစည်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ စတုတ္ထမြောက် DTH ရုပ်သံလိုင်း MYANSAT ထုတ်လွှင့်မှု စတင်ဖွင့်လှစ်ခြင်းအခမ်းအနားကျင်းပ

## ပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝသည့်ရုပ်သံလိုင်းများစွာကို စိတ်ကြိုက်ရွေးချယ်ပြီး ကြည့်ရှုနားဆင်ခွင့်များ ပိုမိုတိုးမြှင့်ရရှိကြမည်



**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံ၏ စတုတ္ထမြောက် DTH ရုပ်သံလိုင်း အသစ်ဖြစ်သည့် MYANSAT DTH ရုပ်သံလိုင်း ထုတ်လွှင့်မှု စတင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အနုပညာရှင်များတက်ရောက်ကြသည်။

ဦးစွာ ပင်မအဆောက်အဦရှိ Auditorium ခန်းမ၌ MYANSAT DTH ရုပ်သံလိုင်းစတင်ထုတ်လွှင့်မှု ဖွင့်လှစ်ခြင်းအခမ်းအနားကို Animation ဖြင့် ဖွင့်လှစ်ပြသပြီး "အသစ်အဆန်းများဝေဆာ DTH ကမ္ဘာ" အမည်ပေးထားသည့် Video Clip ပြသမှုကို ဆက်လက်၍ ကြည့်ရှုအားပေးကြသည်။

**အဖွင့်အမှာစကားပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာတွင်**(အပေါ်ယာပုံ)** အများပြည်သူအတွက် ပျော်ရွှင်ကြည်နူးချမ်းမြေ့မှုနှင့် စိတ်ခွန်အားသစ်များ ပေးစွမ်းနိုင်မည့် DTH ရုပ်သံလိုင်းသစ်တစ်ခုကို ထပ်မံတိုးချဲ့ ဖွင့်လှစ်ပေးနိုင်မည်ဖြစ်၍ အဓိပ္ပာယ်ရှိပြီး အနှစ်သာရပြည့်ဝသောမင်္ဂလာရှိသည့် အခမ်းအနားတစ်ခုဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ သိရှိ၊ ခံစားပိုင်ခွင့်ဖြစ်သည့် သတင်းအချက်အလက်၊ အသိပညာဗဟုသုတနှင့် ဖျော်ဖြေရေး






ဆိုင်ရာများကို ဖြည့်ဆည်းပေးနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံပိုင် မီဒီယာများအပြင် ပုဂ္ဂလိကမီဒီယာများ အပါအဝင် မီဒီယာကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူချိန်ဖြစ်သော ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် MRTV DTH အခမဲ့ရုပ်သံလွှင့်စနစ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင်တက်ရောက်ပြီး စတင်ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

ယနေ့တွင် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် DTH စနစ်ဖြင့် ရုပ်သံထုတ်လွှင့်မည့် MYANSAT DTH ကို စတင်ဖွင့်လှစ်ပေးမည်ဖြစ်ရာ ပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝသည့် ရုပ်သံလိုင်းများစွာကို စိတ်ကြိုက်ရွေးချယ်ပြီး ကြည့်ရှုနားဆင်ခွင့်များ ပိုမိုတိုးမြှင့်ရရှိကြမည်ဖြစ်ပါကြောင်း၊နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများအတွက် သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတများအပြင် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာဖြင့် ဝန်ဆောင်မှုပေးမည့်၊ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့ပြီး စိတ်ခွန်အားသစ်များပေးစွမ်းနိုင်မည့်၊ ဆန်းသစ်သည့်နိုင်ငံတကာနည်းပညာများနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝတို့ဆုံမှတ်နေရာတစ်ခုဖြစ်သော ပေါင်းကူးတံတားပုံစံဖြင့် ဝန်ဆောင်မှုပေးမည့် MYANSAT DTH ရုပ်သံလိုင်းအသစ် ဖွင့်လှစ်နိုင်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်စွာကြိုဆိုအားပေးပါကြောင်း ပြောကြားသည်။

ယင်းနောက် Borderless Broadcast Co.,Ltd. မှ CEO ဦးသုတဇော် က MYANSAT DTH Product နှင့် MYANSAT App အကြောင်း ရှင်းလင်းတင်ပြပြီး Lao Asia Pacific Satellite Co.,Ltd. မှ Deputy CEO မစ္စတာလီကျုံးရွှမ်က ဂုဏ်ယူဝမ်းမြောက်စကားပြောကြားသည်။

**ဖွင့်လှစ်ပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ Borderless Broadcast Co.,Ltd CEO နှင့် Lao Asia Pacific Satellite Co.,Ltd. မှ Deputy CEO တို့က MYANSAT DTH ရုပ်သံလိုင်းထုတ်လွှင့်မှုကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ယင်းနောက် ကုမ္ပဏီ CEO ဦးသုတဇော်က ပြည်ထောင်စုဝန်ကြီးအား MYANSAT DTH စတင်ဖွင့်လှစ်မှု အထိမ်းအမှတ်လက်ဆောင်ကိုလည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ထံ MRTV DTH အခမဲ့ဝန်ဆောင်မှုရုပ်သံထုတ်လွှင့်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရန် MRTV DTH စက်ပစ္စည်းအစုံ ၃၀၀၀ ကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ CEO ဦးသုတဇော်က MYANSAT DTH စက်ပစ္စည်းများ ဖြန့်ဖြူးရေးအတွက် Auth-orization Letter များကို အရောင်းကိုယ်စားလှယ် သုံးဦးထံ လွှဲပြောင်းပေးအပ်ပြီး MYANSAT DTH စတင်ဖွင့်လှစ်မှု အထိမ်းအမှတ်လက်ဆောင်များကို ဧည့်သည်တော်များထံ လိုက်လံပေးအပ်သည်။

ယင်းနောက် MRTV Orchestra နှင့် တွဲဖက်၍ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် Lဆိုင်းဇီ၊ မိုးသောက်၊ အေးမြဖြူ ပူစူးနှင့် အိုင်ရင်းဇင်မာမြင့်တို့က သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

**ချီးမြှင့်ပေးအပ်**

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က MRTV Orchestra နှင့်အနုပညာရှင်များအား ဂုဏ်ပြုဆုငွေ ချီးမြှင့်ပေးအပ်သည်။

ယနေ့စတင်ဖွင့်လှစ်ခဲ့သည့် MYANSAT DTH အမည်ဖြင့် ရုပ်သံလိုင်းများထုတ်လွှင့်မည့် Border-less Broadcast Co., Ltd. သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်း၍ DTH စနစ်ဖြင့် ရုပ်သံလိုင်းများထုတ်လွှင့်နိုင်ရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်ရယူဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သဘောတူစာချုပ် ချုပ်ဆို၍ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၅ ရက်မှစပြီး နိုင်ငံတစ်ဝန်းသို့ စမ်းသပ်ထုတ်လွှင့်ခဲ့ရာမှ ယနေ့တွင် အခမ်းအနားကျင်းပကာ စတင်ထုတ်လွှင့်ခြင်းဖြစ်သည်။

MYANSAT DTH အနေဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာထုံးတမ်းအစဉ်အလာများ၊ သဘာဝသယံဇာတများ၊ ပြည်တွင်းသတင်းနှင့် နိုင်ငံတကာဖျော်ဖြေရေး အစီအစဉ်များကို အများပြည်သူ ကြည့်ရှုနိုင်ရန်အတွက် ဝန်ဆောင်မှုပေးနေသည့် ဖျော်ဖြေရေးမီဒီယာများနှင့်ပူးပေါင်းကာ နိုင်ငံတကာ အဆင့်မီရုပ်သံအစီအစဉ်များ၊ ရသမျိုးစုံ၊ ဗဟုသုတမျိုးစုံ ပေးစွမ်းနိုင်မည့် နိုင်ငံတကာရုပ်သံလိုင်းများစွာကို Package နှစ်မျိုးခွဲခြား၍ ရုပ်သံလိုင်း ၉၈ လိုင်း ပါဝင်သော MYANSAT DTH Package (1) နှင့် ၁၇၆ လိုင်းပါဝင်သော Package (2)တို့ဖြင့် ထုတ်လွှင့်ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

**စုံလင်စွာကြည့်ရှုနိုင်**

ထို့ပြင် ပရိသတ်များအနေဖြင့် မြန်မာရုပ်သံလိုင်းများကို စုံလင်စွာရွေးချယ်ကြည့်ရှုနိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သည့် MRTV HD, MRTV News, MRTV Parliament, MRTV NRC, MRTV Farmers' , MRTV Sport, MITV နှင့် Education Channel ဟူသည့် ရုပ်သံလိုင်း ၈ လိုင်း အပြင် Fortune, Channel–K, 5–plus, YTV, MAHAR, MAHAR ESPORTS ရုပ်သံလိုင်းများကိုလည်း ထည့်သွင်းပြသမည်ဖြစ်ကြောင်း နှင့် အခြားပုဂ္ဂလိက Channel များ ဆက်လက်ထည့်သွင်းပြသနိုင်ရန်နှင့် ကိုယ်ပိုင်ရုပ်သံလိုင်းများ ထုတ်လုပ်၍ တင်ဆက်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ MYANSAT DTH ၏ ရုပ်သံအစီအစဉ်များကို Mobile Phone များပေါ်မှလည်း နေရာဒေသမရွေး၊ အချိန်မရွေး ကြိုက်နှစ်သက်ရာ ရွေးချယ်ကြည့်ရှုနိုင်မည့် MYANSAT Application ဖြင့်လည်း ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

MYANSAT DTH အမည်ဖြင့် ဆောင်ရွက်သည့် BBTV ကုမ္ပဏီအနေဖြင့် MRTV DTH Free To Air အခမဲ့ဝန်ဆောင်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စက်ပစ္စည်းအသစ် အစုံ ၁၀၀၀၀ ကို သုံးနှစ်အတွင်း ပေးအပ်မည်ဖြစ်ရာ ယနေ့အခမ်းအနားတွင် စက်ပစ္စည်းအသစ် အစုံ ၃၀၀၀ ကို ဦးစွာပေးအပ်ခြင်းဖြစ်သည်။

BBTV ကုမ္ပဏီအနေဖြင့် China Rocket ကုမ္ပဏီလီမိတက်၊ Laosat ကုမ္ပဏီလီမိတက်တို့နှင့် ပူးပေါင်းပြီး Laosat 1 Satellite ကို အသုံးပြုကာ China Aerospace Science and Technology Corporation (CASC) ၏ Multi Village Plan ၊ Sky Star Class Room Plan တို့ဖြင့် မြန်မာနိုင်ငံ နယ်စပ်ဒေသအထိ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာအသိပညာ၊ လူငယ်များအတွက် ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆင်းရဲနွမ်းပါးမှုများ လျှော့ချနိုင်ရန်၊ ၂ နှစ်အတွင်း မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၄၂ ရွာမှ ကျေးရွာပေါင်း ၁၀၀ အထိ MYANSAT DTH စက်ပစ္စည်းများအပြင် TV နှင့် Solar စနစ် Battery များကို အဆင့်လိုက် တိုးချဲ့လှူဒါန်းနိုင်ရန် China AID အကူအညီရယူပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၄/ ၂၀၂၄-၂၀၂၅) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတက်ရောက်ပြီး ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲပြုလုပ်နိုင်ရေးအတွက် ပြခန်းများတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၄/၂၀၂၄-၂၀၂၅) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် နိုင်ငံတော်၏ စက်ပစ္စည်းကဏ္ဍနှင့်ပတ်သက်၍ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက် ကောင်းမွန်သည့်အထောက်အပံ့ဖြစ်စေရန် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ မူဝါဒ၊ လုပ်ငန်းတာဝန်များနှင့်အညီ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်စေရန် အဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် လိုအပ်ကြောင်း၊ ပြည်တွင်း၌ လျှပ်စစ်များကို ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် လိုအပ်သည့်စက်ပစ္စည်းများ၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် လိုအပ်သော စက်ပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများ၊ ထပ်မံဖြည့်တင်းရန်ရှိပါက ကော်မတီသို့ တင်ပြလျှင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာကော်မတီဝင်နှင့် ဝန်ကြီးဌာနကိုယ်စားလှယ်များက ဝန်ကြီးဌာနများထံက တင်ပြသည့်အမှုတွဲများကို ရှင်းလင်းတင်ပြကြပြီး တင်ပြသည့်အမှုတွဲများနှင့် ပတ်သက်၍ ဆွေးနွေးအတည်ပြုကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးသည် မုခ်ဦးနှင့် ပြခန်းတည်ဆောက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့်အတူ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲပြုလုပ်နိုင်ရေးအတွက် ပြခန်းများတည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ဝန်ကြီးဌာနပြခန်းများ၊ ရိုးရာအစားအစာဆိုင်ခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများကို သတ်မှတ်အချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊ ယခင်ကျင်းပခဲ့သည့် ပြပွဲများ၏ အားသာချက်များကို ပိုမိုကောင်းမွန်အောင်နှင့် အားနည်းချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်၊ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို MSME လုပ်ငန်းများ အောင်မြင်စေရေးနှင့် ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိစေရေး၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပိုမိုချိတ်ဆက် ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းသွားရောက်ဖြည့်ဆည်းဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၁၅**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့ မွန်းလွဲပိုင်းတွင် ကယားပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစိန်ဦး၊ တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်တက္ကသိုလ် ပင်မဆောင်ပြန်လည်ပြုပြင်ရန် လိုအပ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းဝင်းအတွင်းရှိ ဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်၊ စာသင်ဆောင်၊ အိပ်ဆောင်၊ ဝန်ထမ်းဆောင်များ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစားပေးအဆင့်လိုက် ခွဲခြားဆောင်ရွက်နိုင်ရေးနှင့် တက္ကသိုလ်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ သင်တန်းသား သင်တန်းသူများနှင့်လည်းကောင်း၊ ပြည်နယ်ပညာရေးမှူးရုံး၌ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် လည်းကောင်း၊ လွိုင်ကော်မြို့ အမှတ် (၇) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်လည်းကောင်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမှာစကား ပြောကြားပြီး တက်ရောက်လာသူများ၏လိုအပ်ချက် တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပြည်တွင်းသတင်းမီဒီယာများ တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပြည်တွင်းရှိ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အွန်လိုင်းမီဒီယာများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ(၁) ဦးခင်မောင်ဇော်နှင့် ဒုတိယဥက္ကဋ္ဌ (၂) ဦးခင်မောင်ကျော်ဒင်တို့က မီဒီယာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာဆက်ဆံရေး ကဏ္ဍဆိုင်ရာများ၊ ပြည်တွင်းသတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် မီဒီယာအဖွဲ့ ၄၁ ဖွဲ့မှ သတင်းမီဒီယာ သမားများက မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များကို ဆွေးနွေးကြရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီသို့ နေပြည်တော်မှုခင်းနှင့်သတင်းစုံ အွန်လိုင်းအေဂျင်စီမှ ငွေကျပ် ၁၀ သိန်းလှူဒါန်းသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီသည် နိုင်ငံတကာ ဆက်ဆံရေးကော်မတီ၊ ဥပဒေရေးရာကော်မတီ၊ သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာသမားများ အကာအကွယ်ပေးရေးကော်မတီ၊ စာရင်းစစ်ကော်မတီ၊ ဘဏ္ဍာရေးကော်မတီ၊ အငြင်းပွားမှုနှင့် တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းရေးကော်မတီ၊ ပြန်ကြားရေးကော်မတီ၊ သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့ကို ဖွဲ့စည်းထားပြီး သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးခြင်း၊ သတင်းမီဒီယာလုပ်ငန်းသုံးပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေးခြင်း၊ သတင်းမီဒီယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဟောပြောပွဲများ စီစဉ်ကျင်းပပေးခြင်း၊ သက်ဆိုင်ရာထူးချွန်သူများကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် သတင်းမီဒီယာလုပ်ငန်းများ တိုးတက်ရေးအတွက် စီမံချက်များ ရေးသားဖော်ဆောင်ခြင်း စသည့် အဓိက လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိမ်အနည်းငယ် ဖြစ်ထွန်း

**ရန်ကုန် ဇန်နဝါရီ ၁၅** – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသောလူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၁၅**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းခြင်း ခံရသောလူပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့လက်ခံရယူမည့် ကာယကံရှင်များနှင့် မိသားစုဝင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဝဏ္ဏကျော်ထင် ဘွဲ့တံဆိပ်ရရှိသူများဖြစ်သည့် ဦးဝင်းကို(ငြိမ်း) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ဦးစိုးမြင့် သံအမတ်ကြီး (ငြိမ်း)၊ အမျိုးသားစာပေတစ်သက်တာဆုရှင် ဒေါက်တာသန်းဦး(ပြည်စိုးမင်း)(ကွယ်လွန်) ကိုယ်စား သမီးဖြစ်သူ ဒေါက်တာယုယုမိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာဒေါ်မြင့်ကြည် (ငြိမ်း)၊ ဦးဝင်းကြည် (ငြိမ်း)၊တရားသူကြီးချုပ်များဖြစ်သော ဦးဝင်းမြင့်ကျော်(ငြိမ်း)၊ ဦးကျော်လင်းမောင်(ငြိမ်း)၊ သံအမတ်ကြီးများဖြစ်သော ဦးလင်းမြိုင်(ငြိမ်း)၊ ဦးဝင်းလွင်(ငြိမ်း)တို့အား ဘွဲ့တံဆိပ်နှင့် ဘွဲ့လက်မှတ်များကို လက်ဝယ်အရောက် အပ်နှင်းပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ်များက မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း၊ တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိသည့် ဘွဲ့ခံပုဂ္ဂိုလ်များရှိသည့်အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူနိုင်မည့် ကာယကံရှင်ဆရာတော်များထံ လက်ရောက်ဆက်ကပ်၍ လည်းကောင်း၊ လူပုဂ္ဂိုလ်မိသားစုဝင်များထံ လက်ရောက်ချီးမြှင့်၍ လည်းကောင်း အပ်နှင်းကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒအား ဖူးမြော်ကြည်ညိုပြီး သီရိပျံချီဘွဲ့ရရှိသည့် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကထိက၊ ပဋ္ဌိပတ္တိမဟာဌာနမှ ဆရာတော်ဒေါက်တာ ဘဒ္ဒန္တအာစိဏ္ဏအား လျှုဖွယ်ပစ္စည်းများ၊ ဘွဲ့တံဆိပ်နှင့် ဘွဲ့လက်မှတ်များကို လည်းကောင်း၊ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တသုမနအား သီရိပျံချီဘွဲ့တံဆိပ်၊ ဘွဲ့လက်မှတ်နှင့် လျှုဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်ကြသည်။

ဆက်လက်၍ ရန်ကင်းမြို့နယ်မှ အလင်္ကာကျော်စွာဘွဲ့ရရှိသည့် အမျိုးသားစာပေတစ်သက်တာဆုရှင် ဒေါ်ခင်သန်းဝင်း(ဝဲပုံ)၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူများဖြစ်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ တရားသူကြီးချုပ် (ငြိမ်း)ဦးမြင့်ဝင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်မှ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး(ငြိမ်း) ဦးသိန်းဟန်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဗိုလ်မှူးကြီးအောင်ဒင်၊ တာမွေမြို့နယ်မှ ကော်မရှင်အဖွဲ့ဝင် ဦးသိန်းမြင့်၊ ပုဇွန်တောင်မြို့နယ်မှ အလင်္ကာကျော်စွာဘွဲ့ရရှိသည့် အမျိုးသားစာပေတစ်သက်တာဆုရှင် ဦးချစ်စံ (ချစ်စံဝင်း)နှင့် ဗဟန်းမြို့နယ်မှ သူရဘွဲ့ရရှိသည့် ဒုတိယဗိုလ်မှူးကြီး တင့်လွင်စိုးကိုယ်စား ဇနီးဖြစ်သူတို့၏ နေအိမ်များသို့ သွားရောက်၍ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် ဘွဲ့လက်မှတ်တို့ကို လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သာယာဝတီခရိုင်အတွင်းရှိ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**သာယာဝတီ ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မင်းလှမြို့နယ် ဥတိုကညင် ကျေးရွာအုပ်စု တောင်သူ ဦးသန်းဇော်မင်း၏ တစ်ကွင်းတစ်ဆက်တည်း ပဲတီစိမ်းစံပြစိုက်ခင်းဧက ၅၀ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၀၀၀ ဖြင့် မင်းလှ–မိုးညိုကားလမ်းတွင် အကျယ် ၄၄ ပေရှိ လမ်းတာပေါင်ပြုပြင်ခြင်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပေးခဲ့ပြီး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မိုးညိုမြို့နယ် အတွင်း ရေတွင်း ၁၁၃ တွင်း တူးဖော်ပေးခဲ့နိုင်သဖြင့် တစ်ကွင်းတစ်ဆက်တည်း အစေ့ထုတ်ပြောင်းဧက ၁၈၅၀ နှင့် ငရုတ်သီးနှံ ၁၅၈ ဧက တစ်နှစ်သုံးသီး တိုးချဲ့စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး လက်ပံတန်း– မိုးညို– နတ်တလင်းလမ်းပေါ်ရှိ တံတားအမှတ် (၁/၄၇) မြစ်သာပေါက် ဘေလီတံတားကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် သံကူကွန်ကရစ် တံတားအဖြစ်ပြန်လည်အသစ် တည်ဆောက်နေမှုအား စစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး မှာကြားသည်။

ယင်းနောက် ဖလံချောင်းကျေးရွာရှိ ငရုတ်သီးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ မိုးညိုမြို့နယ်သည် ဆီထွက်သီးနှံဇုန်(၂) အတွင်း ပါဝင်လျက်ရှိသဖြင့် နှမ်းနှမ်းနှင့် မိုးကြိုနှမ်းကို ဧကများများဖြင့် တစ်အုပ်တစ်မ စိုက်ပျိုးသွားရန်၊ ငရုတ်သီးကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မချမ်းဘောမြို့နယ်ရှိ ဆီမုန်ညင်းစိုက်ခင်းများနှင့် အထက်နမ့်ထွမ်ရေအားလျှပ်စစ်စက်ရုံအား ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇန်နဝါရီ ၁၅**

ပူတာအိုခရိုင်အတွင်း ဒေသတွင်း စားဆီဖူလုံရေးအတွက် သီးထပ်စိုက်စွမ်းအား တိုးမြှင့်နိုင်ရေးနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၅ ရက်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ပေးအပ်ထားသည့် ဆီမုန်ညင်းစိုက်ခင်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်သောကျေးရွာများမှ တောင်သူများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တောင်သူများအတွက် ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် အစေ့ထုတ်ပြောင်းမျိုးစေ့အိတ်များကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ရန်ပုံငွေဖြင့် ဆီထွက်သီးနှံ ဆီမုန်ညင်းစိုက်ပျိုးကြသည့် တောင်သူများနှင့် သွားရောက်တွေ့ဆုံပြီး ကျေးရွာများအလိုက် တောင်သူများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဂျူဗလီ–ဇီးအွန်ကျေးရွာအုပ်စုသွားလမ်းမှ တစ်ဆင့် ပူတာအိုဒေသ၏ ရေခဲတောင် ပေါ်ထွက်လာမှုကို ကြည့်ရှုသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မချမ်းဘောမြို့နယ်အတွင်း ကျေးရွာများရှိ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ဆီမုန်ညင်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အခမဲ့ပေးအပ်သည့် တိရစ္ဆာန်အထောက်အကူပြုဆေးဝါးများနှင့် စွမ်းအားဖြည့်ရောစပ်အစာအိတ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် ပူတာအိုနှင့် မချမ်းဘောမြို့နယ်များအား လျှပ်စစ်မီးလင်းရေးအတွက် ထုတ်လွှင့်ပေးလျက်ရှိသည့် အထက်နမ့်ထွမ်ရေအားလျှပ်စစ်စက်ရုံသို့ သွားရောက်ပြီး ၈၀၀ ကီလိုဝပ်စက်ကြီးများဖြင့် ရေအားလျှပ်စစ် လည်ပတ်ထုတ်လုပ်နေမှု၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးခြင်း လုပ်ငန်းများနှင့် နမ့်ထွမ်ချောင်း ချောင်းရေစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း(**အောက်ပုံ**) သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# မရယူနိုင်ခြင်းသည် ကွဲပြားသောအခင်းအကျင်းများဆီသာ ဦးတည်စေသည်

မြင့်မြတ်

> ❖ **မိမိမှာ ကိုယ်ပိုင်အစိုးရတစ်ရပ်ရှိနေမယ်၊ နိုင်ငံ့နယ်မြေပိုင်နက်နဲ့ အချုပ်အခြာကို ကာကွယ်စောင့်ရှောက်မယ့် အမြဲတမ်းတပ်မတော်တစ်ရပ် ရှိနေမယ်၊ ထိုနိုင်ငံ၊ ထိုအစိုးရအောက်က နိုင်ငံသားတွေရဲ့ အမျိုးသား အကျိုးစီးပွား၊ ကိုယ်စီအမျိုးသားရေးလက္ခဏာရပ်အသီးသီး ခိုင်ခိုင်မာမာ ရှိနေတဲ့နိုင်ငံကို ဘယ်နိုင်ငံ ဘယ်အဖွဲ့အစည်းကမှ ကျူးကျော်တိုက်ခိုက် သိမ်းပိုက်လို့ မရပါဘူး။ သို့သော် ဆီးရီးယားမှာတော့ အထက်ကတင်ပြခဲ့တဲ့ လက္ခဏာအားလုံး လုံးဝပျက်ယွင်းသွားခဲ့ရပြီလို့ ဆိုရမှာဖြစ်ပါတယ်**

တစ်စစီပြိုကွဲပြီး အိုးမဲ့အိမ်မဲ့ ရှစ်သန်း၊ ပြည်ပဒုက္ခသည်အဖြစ် ခြောက်သန်းအထိ ရောက်ရှိသွားပြီဖြစ်တဲ့ ဆီးရီးယားနိုင်ငံကိုကြည့်ပြီး သင်ခန်းစာယူစရာတွေ၊ သံဝေဂဖြစ်စရာတွေ များစွာရှိလိမ့်မယ်လို့ ယူဆပါတယ်။ သင်ခန်းစာယူတတ်ရင်ပေါ့။

ဆိုလိုတာက... ဆီးရီးယားလိုနိုင်ငံနဲ့ ပထဝီနိုင်ငံရေး၊ နောက်ခံသမိုင်းကြောင်း မတူသော်လည်း မိမိတို့နိုင်ငံမှာက ၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်တဲ့ ပြည်ထောင်စုကြီးဖြစ်နေတယ်။ လွတ်လပ်ရေးနဲ့အတူပါလာတဲ့ လက်နက်ကိုင် ရောင်စုံသူပုန်အစုံနဲ့ နွားကွဲကျားဆွဲအနေအထားကြည့်ပြီး ကျားသစ်ချောင်းချောင်းနေတဲ့ နိုင်ငံတွေကြားမှာ ကြိုးစားရပ်တည်နေရတဲ့နိုင်ငံလည်းဖြစ်တယ်။ လွတ်လပ်ရေး အချုပ်အခြာနဲ့ ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်တွေကြောင့် တပ်မတော်က မကြာခဏဝင်ပြီး ထိန်းရ၊ သိမ်းရအစဉ်အလာရှိ နိုင်ငံတစ်နိုင်ငံအနေနဲ့ လက်ရှိဆီးရီးယားပြိုကွဲမှုဖြစ်စဉ်နဲ့တကွ ဆက်စပ်ကမ္ဘာ့ဖြစ်စဉ်တွေကနေ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး အကျိုးစီးပွားအတွက် အမြဲသင်ခန်းစာယူနေရမှာဖြစ်တယ်လို့ ခံယူမိပါတယ်။

### ဆီးရီးယားရုတ်တရက်ပြိုကွဲခြင်း အကြောင်းတရားအချို့နဲ့အတူ

**တစ်နှစ်ကျော်လာပြီဖြစ်တဲ့ အစ္စရေး-ဟားမတ်စ်၊ အစ္စရေး- ဟဇ်ဘိုလာစစ်ပွဲများဆီ အာရုံစိုက်နေရာကနေ ရုတ်တရက်ချက်ချင်းဆိုသလိုဖြစ်သွားခဲ့တဲ့ ဆီးရီးယားအဖြစ်အပျက်တွေဆီက ကျွန်တော်တို့ ဘယ်လိုသင်ခန်းစာတွေရနိုင်ပါသလဲ။ နိုင်ငံတစ်နိုင်ငံမှာ အချင်းချင်း စည်းလုံးညီညွတ်မှုမရှိ၊ အပြန်အလှန်တိုက်ကြ၊ ခိုက်ကြ၊ သွေးကွဲနေကြရင် နိုင်ငံအတွင်းက ဆန့်ကျင်ဘက်ပြိုင်ဘက်အသီးသီးကို ထောက်ပံ့နေတဲ့နိုင်ငံတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေက မိမိနိုင်ငံအတွင်း တရားဝင်ဝင်ရောက်စွက်ဖက်ခွင့်ရသွားအောင် ကိုယ်တိုင်လမ်းဖွင့်လိုက်သလို ဖြစ်သွားနိုင်သလားဆိုတဲ့ အချက်ကို မြင်နေဖို့လိုပါတယ်။**

မိမိမှာ ကိုယ်ပိုင်အစိုးရတစ်ရပ်ရှိနေမယ်၊ နိုင်ငံ့နယ်မြေပိုင်နက်နဲ့ အချုပ်အခြာကို ကာကွယ်စောင့်ရှောက်မယ့် အမြဲတမ်းတပ်မတော်တစ်ရပ်ရှိနေမယ်၊ ထိုနိုင်ငံ၊ ထိုအစိုးရအောက်က နိုင်ငံသားတွေရဲ့ အမျိုးသားအကျိုးစီးပွား၊ ကိုယ်စီအမျိုးသားရေးလက္ခဏာရပ်အသီးသီး ခိုင်ခိုင်မာမာရှိနေတဲ့နိုင်ငံကို ဘယ်နိုင်ငံ ဘယ်အဖွဲ့အစည်းကမှ ကျူးကျော်တိုက်ခိုက် သိမ်းပိုက်လို့မရပါဘူး။ **သို့သော် ဆီးရီးယားမှာတော့ အထက်ကတင်ပြခဲ့တဲ့ လက္ခဏာအားလုံး လုံးဝပျက်ယွင်းသွားခဲ့ရပြီလို့ ဆိုရမှာဖြစ်ပါတယ်။**

ဆီးရီးယားပြိုကွဲရခြင်းအကြောင်းရင်းမှာ အစိုးရဆန့်ကျင်ဘက် HTS အဖွဲ့က တော်လှန်းလို့လည်း မဟုတ်ပါဘူး။ အစ္စရေးလေတပ်က ကြိုတင်တိုက်ခိုက်မှုနဲ့ HTS ဘက်က အိမ်နီးချင်းတူကီယဲရဲ့ အကြီးအကျယ် ထောက်ပံ့မှုတွေသာမပါရင် ဆီးရီးယားတပ်မတော်ကြီး ယခုလို လျင်လျင်မြန်မြန်နဲ့ အရေးနိမ့်ဖို့ အကြောင်းမရှိနိုင်ပါဘူး။ တကယ်လို့ ပြည်သူတွေ စည်းစည်းလုံးလုံးနဲ့ ညီညီညွတ်ညွတ်ရှိခဲ့ရင်လည်း သမ္မတအာဆတ်အစိုးရနဲ့ သူ့ရဲ့ တပ်မတော်ကြီးအနေနဲ့ ယခုလို လွယ်လွယ်ကူကူ အရှုံးပေးစရာမရှိလောက်ဘူးလို့ ယူဆပါတယ်။ ဒီနေရာမှာ နိုင်ငံတစ်နိုင်ငံရဲ့အချုပ်အခြာကို ကာကွယ်စောင့်ရှောက်ရာမှာ အမြဲတမ်းတပ်မတော်တစ်ရပ်ရဲ့ အရေးပါပုံ၊ စုစည်းညီညွတ်မှုနဲ့ စစ်မက်ရေးရာမှာသာမက သံတမန်ရေးရာကဏ္ဍရဲ့ သံတမန်စစ်ပွဲ အရေးပါမှုများကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။

### နိုင်ငံပြို လူမျိုးဘာသာလက္ခဏာ အမျိုခံရမယ့်အခြေအနေ ရောက်သွားနိုင်

ဆီးရီးယားမှာ သမ္မတအာဆတ်လက်ထက်ကတည်းက နိုင်ငံက Weak State အခြေအနေမှာ ရှိနေတာကြာခဲ့ပါပြီ။ ရုရှားနဲ့ အီရန်နိုင်ငံတို့ရဲ့ ကူညီပံ့ပိုးမှုရနေတဲ့ ဆီးရီးယားကို တူကီယဲနောက်ခံ HTS အစ္စလာမ္မစ်အဖွဲ့က လက်နက်အင်အားအသာနဲ့ တိုက်ခိုက်နေစဉ်အတွင်းနဲ့ တိုက်ထုတ်ပြီးနောက်ပိုင်းမှာ ပထဝီနိုင်ငံရေးအရ အားသာချက်ရယူလိုတဲ့ အစ္စရေးက ဆီးရီးယားအချက်အချာနေရာအားလုံးကို ဗုံးကြဲ၊ မြေပြင်တပ်တွေ ထိုးဖောက်တိုက်ခိုက်ပြီး ဂိုလန်ကုန်းမြင့်အပါအဝင် နယ်မြေအချို့ကို သိမ်းပိုက်ခဲ့တာတွေ့ရပါတယ်။

အမေရိကန်ကလည်း ဆီးရီးယားက Kurds နဲ့ SDF လိုအဖွဲ့တွေကို ယခင်ကတည်းက ထောက်ပံ့နေခဲ့တာဖြစ်ပါတယ်။ ယခုအခါမှာတော့ သူ့အကျိုးစီးပွားအတွက် ဆီးရီးယားပြည်တွင်းရေးမှာ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်လာပြီး အမေရိကန်စစ်စခန်းတွေ တိုးချဲ့၊ တပ်ချလာရတဲ့အခြေအနေ ဖြစ်လာတယ်။ ဒါ့အပြင် ပြင်သစ်ကလည်း ဆီးရီးယားမှာ ပြန်ပြီးခြေကုပ်ယူလာတဲ့ ISIS ရဲ့ရန်ကို အကြောင်းပြပြီး ဆီးရီးယားနယ်မြေအချို့ကို လေကြောင်းကနေ ဗုံးကြဲခဲ့တယ်။

**ဒါကြောင့် ပြိုင်ဘက်ဆီးရီးယားစစ်အုပ်စုတွေရဲ့ပဋိပက္ခတွေကြားမှာ ဆီးရီးယားနိုင်ငံဟာ တူကီယဲ၊ အမေရိကန်၊ အစ္စရေး၊ အီရန်၊ ရုရှား၊ ပြင်သစ်တို့ရဲ့ Proxy War အဆင့်ကနေ ပြည်ပတပ်တွေ တိုက်ရိုက်ဝင်ရောက်စွက်ဖက်လာမယ့် အခြေအနေတွေရှိလာနေကြောင်း သုံးသပ်ရမှာဖြစ်ပါတယ်။ နယ်မြေတွေအပြိုင်အဆိုင်သိမ်းကြရင်းက နောက်ဆုံး နယ်နိမိတ်ပျောက်၊ နိုင်ငံလည်းပျောက်၊ လူမျိုးပါပြုတ်၊ ကိုးကွယ်ရာဘာသာတရားနဲ့ ဆီးရီးယားအမျိုးသားရေးကိုယ်ပိုင်လက္ခဏာတွေပါ ပျောက်ကွယ်တဲ့အထိ ဖြစ်သွားနိုင်ပါတယ်။**

တစ်ဖက်ကကြည့်ရင် တူကီယဲအကူအညီနဲ့ အစိုးရဖွဲ့နိုင်ခဲ့တဲ့ HTS အဖွဲ့အနေနဲ့ နိုင်ငံကို အပြည့်အဝအုပ်ချုပ်နိုင်မယ့် အချုပ်အခြာအာဏာပိုင်စိုးခွင့်ရောရှိပါ့မလား။ သူတစ်ပါး နှာခေါင်းပေါက်နဲ့ အသက်ရှင်နေရတဲ့ဘဝ တာရှည်ခံဖို့ ဘယ်လွယ်ပါ့မလဲ။ အယူရှိရင် အပေးလည်းရှိရသလို ကျေးဇူးခံ၊ ကျေးဇူးစားဘဝ၊ ပြည်ပသြဇာမကင်း အမှီခိုခံဘဝနဲ့နေရတဲ့ ဆီးရီးယားလက်နက်ကိုင်တွေကြောင့် နိုင်ငံရော ပြည်သူပါ ကမ္ဘာ့အလယ်မှာ အင်မတန်မျက်နှာငယ်တဲ့အနေအထား ရောက်နေပါတယ်။

**နိုင်ငံတကာနယ်ချဲ့တွေ အထူးသဖြင့် အနောက်နယ်ချဲ့အုပ်စုတွေဟာ နိုင်ငံတစ်နိုင်ငံကို ဖြိုခွဲချင်ရင် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးအရပြိုကွဲအောင် ဦးစွာလုပ်လေ့ရှိကြတယ်။ ဆီးရီးယားမှာဆိုရင် အာရပ်ဆွန်နီ၊ အယ်လာဝိုက်၊ ကာဒစ်ရှ်၊ ခရစ်ယာန်၊ ဒရုဇ်၊ တာခ်မန် စသဖြင့် ကွဲပြားနေတဲ့အုပ်စုအမျိုးမျိုးဟာ အချင်းချင်း တိုက်ခိုက်သတ်ဖြတ်ကြ၊ သွေးခွဲသပ်လျှိုခံရတဲ့အထိ ညီညွတ်မှုမရှိခဲ့ကြပါဘူး။ HTS၊ SDF၊ SNA၊ တောင်ပိုင်းစစ်ဆင်ရေးဌာနချုပ်၊ IS၊ အယ်လ်ခိုင်ဒါ စသဖြင့် အချို့က အစွန်းရောက်လက်နက်ကိုင်တွေဖြစ်နေကြပြီး အမျိုးမျိုးသော လက်နက်ကိုင်အုပ်စုတွေအကြား အချင်းချင်း တိုက်ခိုက်နေကြတဲ့ ဆီးရီးယားကို အနောက်အုပ်စုအနေနဲ့ ဖြိုခွဲရတာ သိပ်မခက်ပါဘူး။ အဓိကအချက်က ညီညွတ်မှုပါ။ အကျိုးစီးပွားချင်းမတူတဲ့ လူမျိုးစုတွေအကြား စည်းလုံးညီညွတ်မှုမရှိခြင်းက နိုင်ငံပြိုကွဲခြင်းရဲ့ အဓိကအကြောင်းတရားဖြစ်ကြောင်း ယနေ့ဆီးရီးယားဖြစ်စဉ်က သက်သေပါပဲ။**

> **“နိုင်ငံတကာနယ်ချဲ့တွေ အထူးသဖြင့် အနောက်နယ်ချဲ့အုပ်စုတွေဟာ နိုင်ငံတစ်နိုင်ငံကို ဖြိုခွဲချင်ရင် နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးအရပြိုကွဲအောင် ဦးစွာလုပ်လေ့ရှိကြတယ်။ ဆီးရီးယားမှာဆိုရင် အာရပ်ဆွန်နီ၊ အယ်လာဝိုက်၊ ကာဒစ်ရှ်၊ ခရစ်ယာန်၊ ဒရုဇ်၊ တာခ်မန် စသဖြင့် ကွဲပြားနေတဲ့အုပ်စုအမျိုးမျိုးဟာ အချင်းချင်းတိုက်ခိုက်သတ်ဖြတ်ကြ၊ သွေးခွဲသပ်လျှိုခံရတဲ့အထိ ညီညွတ်မှုမရှိခဲ့ကြပါဘူး။ HTS၊ SDF၊ SNA၊ တောင်ပိုင်းစစ်ဆင်ရေးဌာနချုပ်၊ IS၊ အယ်လ်ခိုင်ဒါ စသဖြင့် အချို့က အစွန်းရောက်လက်နက်ကိုင်တွေဖြစ်နေကြပြီး အမျိုးမျိုးသော လက်နက်ကိုင်အုပ်စုတွေ အကြား အချင်းချင်းတိုက်ခိုက်နေကြတဲ့ ဆီးရီးယားကို အနောက်အုပ်စုအနေနဲ့ ဖြိုခွဲရတာ သိပ်မခက်ပါဘူး။ အဓိက အချက်က ညီညွတ်မှုပါ။ အကျိုးစီးပွားချင်းမတူတဲ့ လူမျိုးစုတွေအကြား စည်းလုံးညီညွတ်မှုမရှိခြင်းက နိုင်ငံပြိုကွဲခြင်းရဲ့ အဓိကအကြောင်းတရားဖြစ်ကြောင်း ယနေ့ဆီးရီးယားဖြစ်စဉ်က သက်သေပါပဲ”**

### ဒါကြောင့် ယခုလိုအချိန်ဟာ အရေးကြီးပါတယ်

ဘာကြောင့်လဲ။ အခြေအနေအရ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးနဲ့ တိုင်းရင်းသားအားလုံးအတွက် ဒီအချိန်၊ ဒီကာလဟာ အလွန်ကို အရေးကြီးနေလို့ပါပဲ။ ပြည်တွင်း၊ ပြည်ပ အကွက်ကျကျစီမံမှုတွေအောက်မှာ ဘယ်လိုနည်းနဲ့မှ ကျွန်တော်တို့ မှောက်ရက်လဲလို့မဖြစ်ပါဘူး။ ဒီလိုအခြေအနေတွေ မြင်ရဖို့ နှစ်ရှည်လများစောင့်နေတဲ့ ပြည်ပကမြေခွေးတစ်အုပ်နဲ့ အဖျက်သမားတွေအလိုကျ ဖြစ်မသွားအောင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်စွမ်းရှိရပါမယ်။ ဒီလိုဖြစ်လာဖို့ ရေလာမြောင်းပေးလမ်းဖွင့်ပေးနေသူတွေ၊ ဘယ်သူတွေ သစ္စာဖောက်နေသလဲ မြင်နိုင်ဖို့လိုတယ်။

**ကတိမတည်၊ သစ္စာမရှိ၊ ကျေးဇူးမဲ့သူ ဘယ်သူလဲ မြင်တတ်ရမယ်။ ရိုးသားတဲ့ပြည်သူတွေ၊ အေးအေးချမ်းချမ်းနေလိုသူတွေအတွက် နိုင်ငံနဲ့ လူမျိုးအတွက်ကို ဘယ်တုန်းကမှ မစဉ်းစားခဲ့ကြဖူးတဲ့ ပြည်တွင်းက အဖျက်သမားတွေသာမက နိုင်ငံကို အလုံးစုံပြိုကွဲပျက်စီးစေလိုတဲ့ ပြည်ပအန္တရာယ်တွေကိုပါ မြင်နေဖို့လိုပါတယ်။ ဟန်ချက်ညီညီ မြေပေါ်မြေအောက် တစ်ဆင့်ချင်း ချိတ်ဆက်အကောင်အထည်ဖော်နေတဲ့ နိုင်ငံပျက်စီးရေးလမ်းစဉ်အားလုံး သတိပြုဖို့လိုတယ်။ တပ်မတော်နဲ့ နိုင်ငံတော်အစိုးရအနေနဲ့တော့ ယခင်ကတည်းက နိုင်ငံရေးလမ်းစဉ်ကို ယုံကြည်လို့ နိုင်ငံရေးနည်းနဲ့သာ ဖြေရှင်းဖို့ အစဉ်တစိုက် လမ်းဖွင့်လမ်းခင်းထားပြီးသား။ ဒါကို ကတိမတည်ဘဲ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ချင်တဲ့ လက်နက်ကိုင်တချို့က တစ်ကျော့ပြန်စစ်ပွဲတွေ ဖန်တီးချင်နေကြတယ်။**

နိုင်ငံရေးနည်းလမ်းအစား စစ်ရေးနည်းလမ်းနဲ့ ဖြေရှင်းဖို့ ဖြောင်ကျကျစိန်ခေါ်ပြီး တည်ငြိမ်အေးချမ်းရေးမပျက်ပျက်အောင် လုပ်လာနေကြတယ်။ တစ်ပြိုင်တည်းမှာ မြေပေါ်အဖွဲ့အစည်းတချို့ကလည်း နိုင်ငံရေးအရ ဖြေရှင်းဖို့ ဆန္ဒရှိဟန်ပြသနေပြန်တယ်။ ဘာပဲဖြစ်ဖြစ် မိမိတို့လုပ်ရပ်ဟာ

*စာမျက်နှာ ၁၂ သို့*

# (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

ရတနာ (သုတေသီ)

ကျန်းမာရေးဝန်ကြီးဌာန၏ ပင်မမဏ္ဍိုင်လုပ်ငန်းကြီးတစ်ရပ်ဖြစ်သော ကျန်းမာရေး သတင်းအချက်အလက်များကို ဖြန့်ဝေရာတွင် အရေးပါသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် "မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ"ကို နှစ်စဉ် ဇန်နဝါရီလတွင် ကျင်းပလာခဲ့သည်မှာ ယခုအခါ (၅၃)ကြိမ်တိုင်ခဲ့ပြီဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူး၍ "သုတေသနညီလာခံများ အစဉ်အလာမပျက် ကျင်းပခြင်းအားဖြင့် ကျန်းမာရေးဆိုင်ရာအသိပညာများ တိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းမြင့်မားလာစေရန်" နှင့် "သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမည့်ကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးနိုင်စေရန်" စသည့် ရည်ရွယ်ချက်များဖြင့် "(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဗိုလ်ကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)တွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့သုတေသီများ၏ ကျန်းမာရေးသုတေသနလုပ်ငန်းများမှ တွေ့ရှိချက်ရလဒ်များကို သုတေသနစာတမ်းများဖြင့် ဖတ်ကြားတင်သွင်းခြင်း၊ ပိုစတာများပြသခြင်းတို့ဖြင့် ညီလာခံကို ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၉၆၅ ခုနှစ်မှစ၍ ပထမအကြိမ်ညီလာခံကြီးကို စတင်ကျင်းပခဲ့ရာ သမိုင်းကြောင်းကို လေ့လာကြည့်ပါက စတင်ကျင်းပခဲ့သော နှစ်များတွင် သုတေသနစာတမ်းများကိုသာ တင်သွင်းဖတ်ကြားခဲ့သော်လည်း ၁၉၉၁ ခုနှစ်မှစ၍ သုတေသနပိုစတာပြပွဲကို ထည့်သွင်းခဲ့ပြီး ထပ်မံ၍ ၂၀၀၂ ခုနှစ်မှ စတင်ကာ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ဆွေးနွေးပွဲ (Symposium)များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းကျင်းပခဲ့ပါသည်။ တစ်ဖန် သုတေသီပညာရှင်များ၏ သုတေသနအရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့်



(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ စာတမ်းဖတ်ပွဲကျင်းပစဉ်။

သုတေသနပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကို အလေးထား အသိအမှတ်ပြုသောအားဖြင့် ၁၉၉၃ ခုနှစ်မှစ၍ အကောင်းဆုံးစာတမ်းဆုများ၊ အကောင်းဆုံးပိုစတာဆုများ ရွေးချယ်ချီးမြှင့်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှစ၍ လူငယ်သုတေသီဆုများ ချီးမြှင့်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာတစ်ဝန်းရင်ဆိုင်ကြုံတွေ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း၌ "(၄၉) ကြိမ်မြောက် သုတေသနညီလာခံ"ကို Virtual Congress အသွင်ဖြင့် လည်းကောင်း၊ "အကြိမ်(၅၀)မြောက် ရွှေရတုညီလာခံ" ကို Virtual နှင့် In-person ပူးတွဲလျက် Hybrid အသွင်ဖြင့် လည်းကောင်း ကျင်းပခဲ့ပြီး (၅၁)ကြိမ်မြောက်မှစ၍ In-person ဖြင့်ပြန်လည်ကျင်းပခဲ့ပါသည်။

မျက်မှောက်ကာလတွင် လူမှုဘဝ နေထိုင်မှုနှင့် အစာအာဟာရစားသောက်မှုပုံစံများ ပြောင်းလဲလာခြင်းနှင့်အတူ ဆီးချို၊ သွေးတိုးရောဂါ အစရှိသည့် မကူးစက်တတ်သောရောဂါများဖြစ်ပွားမှု တိုးတက်များပြားလာသဖြင့် ယင်းတို့၏အရေးကြီးပုံကို မီးမောင်းထိုးပြနိုင်ရန်အတွက် "(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ" ၏ ဆောင်ပုဒ် (Congress Theme) အဖြစ် **"ကျန်းမာသောဘဝ ပိုင်ဆိုင်ဖို့ ကျန်းမာရေးပြဿနာများ ဖော်ထုတ်ဖြေရှင်းကြပါစို့ - Moving Forward to a Healthy Lifestyle and Addressing Health Risk Behaviors"** ကို ရွေးချယ်သတ်မှတ်ထားပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆေးသုတေသနဦးစီးဌာနက နှစ်စဉ်တာဝန်ယူလျက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းကာ လုပ်ငန်းတာဝန်များကို သတ်မှတ်ထားရှိပြီး စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

စာတမ်းကြီးကြပ်ရေး ဆပ်ကော်မတီသည် ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်းမှ စတင်၍ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ နီးနွယ်ဝန်ကြီးဌာနများရှိ သုတေသီပညာရှင်များထံမှ စာတမ်းများကို 53mhrcmoh@gmail.com သို့ ပေးပို့တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ခဲ့ပါသည်။ ပေးပို့လာသောစာတမ်းများကို အခြေခံသုတေသန (Basic Research)၊ အသုံးချသုတေသန (Applied Research)၊ ကျန်းမာရေးစနစ်သုတေသန (Health System Research) စသည်ဖြင့် အမျိုးအစားများအလိုက် ခွဲခြားစိစစ်ခဲ့ပါသည်။

> **မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံသို့ တက်ရောက်ကြမည့် ပြည်တွင်းနှင့် နိုင်ငံတကာမှ သုတေသီပညာရှင်များ၊ ဆေးပညာရှင်များ၊ သမားတော်များ၊ စီမံချက်မန်နေဂျာများ၊ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများသည် သုတေသနစာတမ်းရှင်များ၏ တင်ပြချက်များ၊ နှီးနှောဖလှယ်ပွဲများမှ ပညာရပ်ဆိုင်ရာတင်ပြချက်နှင့် ဆွေးနွေးချက်များကို စိတ်ပါဝင်စားစွာနားထောင်ကြပြီး ကျန်းမာရေးနှင့် ဆေးပညာရပ်ဆိုင်ရာ သတင်းအချက်အလက်များ (Health & Medical Information) ကို မျှဝေဆွေးနွေးကြမည်ဖြစ်ရာ သုတေသီများအတွက် အလွန်တန်ဖိုးရှိသော အခွင့်အရေးကောင်းကို ရရှိမည်**

ယခုနှစ်ညီလာခံတွင် သုတေသနစာတမ်း ၅၄ စောင် တင်သွင်းဖတ်ကြားမည်ဖြစ်ပြီး သုတေသနပိုစတာ ၄၃ စောင်တို့ကို ပြသမည်ဖြစ်ပါသည်။

တင်သွင်းမည့် စာတမ်းများတွင် ကင်ဆာရောဂါ၊ ဆီးချိုရောဂါ၊ ကိုဗစ်-၁၉ ရောဂါ၊ တီဘီရောဂါ၊ HIV ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ မြွေဆိပ်၊ ဆေးယဉ်ပါးပိုးများ၊ အစားအသောက်ဘေးကင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တိုင်းရင်းဆေး၊ သွားကျန်းမာရေး၊ ဆေးပညာသင်ကြားရေးဆိုင်ရာ၊ ကျန်းမာရေးစနစ်ဆိုင်ရာ၊ ဇီဝကမ္မဆိုင်ရာ၊ အာဟာရဆိုင်ရာ၊ အားကစားဆိုင်ရာ၊ သူနာပြုပညာဆိုင်ရာ၊ ခံတွင်းနှင့်သွားကျန်းမာရေးဆိုင်ရာ သုတေသနများ စသည်တို့ ပါဝင်ပါသည်။ ညီလာခံရက်များအတွင်း သုတေသနပိုစတာများကို ခင်းကျင်းပြသထားမည်ဖြစ်ပြီး သုတေသန စာတမ်းဖတ်ပွဲကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အချိန်များခွဲ၍ ကျင်းပမည်ဖြစ်ပါသည်။ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက သဘာပတိများအဖြစ် အလှည့်ကျဆောင်ရွက်ကြမည်ဖြစ်သည်။

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံတွင် တင်ပြမည့် စာတမ်းများ၊ ပိုစတာများအနက် အချို့ကိုကောက်နုတ်၍ တင်ပြလိုပါသည်။

သွေးကင်ဆာအပါအဝင် သွေးရောဂါများကို မြန်မာနိုင်ငံတွင် အောင်မြင်စွာကုသနိုင်ခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်လာခဲ့ပြီဖြစ်ပါသည်။ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ သွေးခြင်ဆီ၊ ပင်မကလာပ်စည်း (Stem Cell) ကို အသုံးပြု၍ သွေးခြင်ဆီအစားထိုးကုသမှု (Haemato poietic Stem Cell Transplant) ကို ၂၀၁၄ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၀ နှစ်တာကာလ၏ ကုထုံးအောင်မြင်မှုရလဒ်ကို သုတေသနပိုစတာအနေဖြင့်တင်ပြသွားမည်ဟု သိရှိရပါသည်။

ယနေ့ကာလတွင်နေထိုင်စားသောက်မှုပုံစံပြောင်းလဲမှု၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးမှုတို့ကြောင့် ပုံမှန်ကိုယ်အလေးချိန်ရှိသော်လည်း သက်လတ်ပိုင်း (အသက် ၄၀- ၆၀ အတွင်းရှိ) အဆီများနေသောသူများကိုတွေ့ရှိရမှုနှင့် ယင်းတို့နှင့်ဆက်စပ်နေသော နှလုံးသွေးကြောဆိုင်ရာအချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့ပြမြို့နယ်နှစ်မြို့နယ်တွင် လုပ်ဆောင်ခဲ့သော သုတေသနမှ တွေ့ရှိချက်များသည် နိုင်ငံအတွင်း လူလတ်ပိုင်းများတွင် မကူးစက်နိုင်သောရောဂါများ ကုသခြင်းအတွက် ပိုမိုကောင်းမွန်သော ကုသမှုအစီအစဉ်များ လမ်းညွှန်ချမှတ်ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည်ဟု သိရှိရပါသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ပထဝီဝင်နယ်မြေလေးခု (တောင်တန်း၊ ကမ်းရိုးတန်း၊ လွင်ပြင်နှင့် မြစ်ဝကျွန်းပေါ်ဒေသ)မှ အရွယ်ရောက်ပြီးသူများ၏ ကိုယ်ကာယကြံ့ခိုင်မှုအား လေ့လာခဲ့သည့် သုတေသနမှ ကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုပုံမှန်ပြုလုပ်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကောင်းမွန်မှု၊ နာတာရှည်အခြေအနေများနှင့် မသန်စွမ်းဖြစ်နိုင်ခြေကိုလျှော့ချပေးကာ မကူးစက်နိုင်သောရောဂါများကို ကာကွယ်ရာတွင် များစွာအထောက်အကူဖြစ်စေသည်ဟု သိရှိရပါသည်။

တီဘီရောဂါကုသရာတွင် ရိုင်ဖန်ပီစင်ဆေးကို ယဉ်ပါးလူနာများ (Rifampicin resistant-TB) အား ဒုတိယတန်းစားတီဘီဆေးများ (Secondline anti-TB drugs) အသုံးပြုသည့် ဆေးယဉ်ပါးတီဘီကုထုံး (MDR-TB treatment) ဖြင့် ကုသရသည်။ ဤတွင် ရိုင်ဖန်ပီစင်ဆေးယဉ်ပါးမှု ရှိ/မရှိကို တိကျစွာရှာဖွေနိုင်ခြင်းသည် သင့်လျော်သောဆေးကုသမှုရရှိစေနိုင်ခြင်းနှင့် ဆေးယဉ်ပါးတီဘီပြန့်ပွားမှုကို ကာကွယ်နိုင်ရေးအတွက် အလွန်အရေးကြီးပါသည်။ ယခုအခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ညွှန်းဆိုထားသည့်နည်းပညာများဖြင့် ရောဂါရှာဖွေမရနိုင်သည့် ရိုင်ဖန်ပီစင်ဆေးယဉ်ပါးမှုကို ဖြစ်ပေါ်စေသည့် rpoB မျိုးဗီဇပြောင်းလဲမှုကို တွေ့လာရသည့်အတွက် ယင်းဗီဇပြောင်းလဲမှုများကို အိုက်ဆိုနိုက်ယာဇစ်ဆေးယဉ်ပါးတီဘီ (Isoniazidresistant-TB) တွင် မျိုးဗီဇအစီအစဉ်ဆွဲသည့်(Gene sequencing) နည်းပညာသုံး၍စောင့်ကြည့်လေ့လာသော သုတေသနမှတွေ့ရှိချက်များသည် ရောဂါရှာဖွေသည့် လမ်းစဉ်ကို ပိုမိုထိရောက်အောင် ပြောင်းလဲစေနိုင်ရန် စဉ်းစားရာတွင် အထောက်အကူဖြစ်နိုင်ကြောင်း သိရှိရသည်။

မြန်မာလူမျိုးအများစု ကြိုက်နှစ်သက်ကြသည့် မြန်မာ့ရိုးရာနည်းဖြင့် အချဉ်ဖောက်ထားသောပဲအနှစ် (ပုံးရည်ကြီး) ၏ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုကိုသိရှိရန် ပုံးရည်ကြီးအမှတ်တံဆိပ် ၃၅ မျိုးတွင် အဏုဇီဝပိုးများနှင့် ထိတွေ့ညစ်ညမ်းခြင်းနှင့် ကြာရှည်ခံဓာတုပစ္စည်းများ သုံးစွဲမှုတို့ကို သုတေသနပြု လေ့လာခဲ့သည့်စာတမ်းကိုလည်း

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၀ မှ

ပွဲလန့်တုန်းဖျာခင်းလုပ်ရပ်မဖြစ်ဘဲ နိုင်ငံနဲ့ပြည်သူအတွက် အမှန်တကယ်သစ္စာရှိရှိနဲ့ စေတနာပါတဲ့ လုပ်ရပ်သာဖြစ်မယ်ဆိုရင်တော့ အထူးမှတ်ချက်ပေးစရာမရှိပါဘူး။

### သင်ခန်းစာဆိုတာကလည်း ယူတတ်မှ

ဒါကြောင့်လည်း ယခုလို ကမ္ဘာ့အဖြစ်အပျက်တွေကနေ သင်ခန်းစာ၊ အတွေ့အကြုံများစွာကို ထိုက်သင့်သလောက် ရယူနေကြလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ သူများအဖြစ်အပျက်၊ သူများအတွေ့အကြုံတွေကနေ ရယူတတ်တဲ့သင်ခန်းစာကသာ ပိုတန်ဖိုးရှိပါတယ်။ ကိုယ်ကိုယ်တိုင်တွေ့ကြုံခံစားရပြီးမှ၊ ပေးဆပ်မှုအမြောက်အမြား ရင်းနှီးပြီးမှ ရလာတဲ့သင်ခန်းစာနဲ့တော့ တူနိုင်မှာမဟုတ်ပါဘူး။ ကိုယ်ကိုယ်တိုင် ဒါမျိုးမကြုံရအောင် သူများရဲ့ ခါးသီးတဲ့ ဖြစ်စဉ်တွေကနေ မရရအောင်သင်ခန်းစာယူတတ်ခြင်းက မိမိအတွက် အဆုံးအရှုံးနည်းစေမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း သူများဆုံးရှုံးမှုကနေ မိမိအတွက် အကျိုးအမြတ်ရှိအောင်၊ သူတို့ခံစားရသလို ကိုယ်မခံစားရအောင် ရယူသင့်တာကို အခွင့်အလမ်းအဖြစ် ရယူအသုံးချနိုင်ခြင်းကသာ မိမိရဲ့ ပညာဉာဏ်ဖြစ်ကြောင်း တင်ပြလိုပါတယ်။

❝ ဒါကြောင့်လည်း ယခုလို ကမ္ဘာ့အဖြစ်အပျက်တွေကနေ သင်ခန်းစာ၊ အတွေ့အကြုံများစွာကို ထိုက်သင့်သလောက် ရယူနေကြလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ သူများအဖြစ်အပျက်၊ သူများအတွေ့အကြုံတွေကနေ ရယူတတ်တဲ့ သင်ခန်းစာကသာ ပိုတန်ဖိုးရှိပါတယ်။ ကိုယ်ကိုယ်တိုင်တွေ့ကြုံခံစားရပြီးမှ၊ ပေးဆပ်မှုအမြောက်အမြား ရင်းနှီးပြီးမှ ရလာတဲ့သင်ခန်းစာနဲ့တော့ တူနိုင်မှာမဟုတ်ပါဘူး။ ကိုယ်ကိုယ်တိုင် ဒါမျိုးမကြုံရအောင် သူများရဲ့ ခါးသီးတဲ့ဖြစ်စဉ်တွေကနေ မရရအောင်သင်ခန်းစာယူတတ်ခြင်းက မိမိအတွက် အဆုံးအရှုံးနည်းစေမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း သူများဆုံးရှုံးမှုကနေ မိမိအတွက် အကျိုးအမြတ်ရှိအောင်၊ သူတို့ခံစားရသလို ကိုယ်မခံစားရအောင် ရယူသင့်တာကို အခွင့်အလမ်းအဖြစ် ရယူအသုံးချနိုင်ခြင်းကသာ မိမိရဲ့ပညာဉာဏ်ဖြစ်ကြောင်း တင်ပြလိုပါတယ် ❞

ဆီးရီးယားမှာ လတ်တလောအနိုင်ရနေတဲ့ HTS အဖွဲ့ရဲ့ နိုင်ငံသစ်တစ်ခုတည်ထောင်ချင်တဲ့ အိပ်မက်က အနာဂတ်မှာ တကယ်အလုပ်ဖြစ်ပါ့မလား။ ပညာ၊ ဆင်ခြင်တုံတရားအားနည်းပြီး ညီညွတ်မှုမရှိသူတွေနေတဲ့နိုင်ငံမှာ နိုင်ငံသစ်တစ်ခု မွေးဖွားဖို့ လွယ်လွယ်နဲ့မရကြောင်းကို ဆီးရီးယားက မနေ့အမြန် ဘယ်လိုသက်သေပြမလဲ စောင့်ကြည့်ရပါမယ်။ လူမျိုးရေးအရ အမုန်းတရား အခြေခံပဋိပက္ခရှိရင် လူမျိုးရေးဗန်းပြ ဝင်ရောက်စွက်ဖက်မယ်၊ ဘာသာရေးအရကွဲပြားရင် ဘာသာရေးအရ ဝင်စွက်မယ်၊ ဝင်စွက်တဲ့နိုင်ငံတိုင်းမှာ ဘာစနစ်၊ ဘာဖက်ဒရယ်၊ ဘာဒီမိုကရေစီအတွက်ဆိုပြီး မှန်ကန်တဲ့ ဘယ်ရည်ရွယ်ချက်မှ ရှိနိုင်မယ်မထင်ပါဘူး။ အိမ်ကြက်ချင်းအိုးမဲသုတ်မယ့်သူချည်းပါပဲ။

ဘာပဲဖြစ်ဖြစ် စစ်ပွဲတွေဖြစ်ရင် လက်နက်ရောင်းတဲ့ လက်နက်ကုမ္ပဏီတွေနဲ့ သူတို့အထောက်အပံ့ရယူထားတဲ့ အစိုးရတွေ၊ အဖွဲ့အစည်းတွေ၊ လက်နက်ကိုင် ကိုယ်ကျိုးရှာသူတွေသာ ပျော်ကြမှာပါ။ စစ်နဲ့ခန၊ စစ်နဲ့အာဏာ ယှဉ်တွဲနေတဲ့အတွက် ဖြစ်ပါတယ်။ ဘာကြောင့် အရှေ့အလယ်ပိုင်းဒေသမှာ ယနေ့တိုင် စစ်မီးမငြိမ်းနိုင်ဖြစ်ရသလဲ။ အစ္စရေး၊ ယူကရိန်း အပါအဝင် ကမ္ဘာ့နိုင်ငံအချို့မှာ ဖြစ်ပွားနေတဲ့ စစ်ပွဲတွေမှာ စစ်လက်နက်အကြီးအကျယ်ရောင်းချနေတဲ့ အမေရိကန်အစိုးရနဲ့ လက်နက်ကုမ္ပဏီတွေအကြောင်း လေ့လာလိုက်ရင် သိနိုင်ပါတယ်။ ဆိုလိုတာက ယနေ့ကမ္ဘာမှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်အများစုဟာ သက်ဆိုင်ရာနိုင်ငံ၊ အဖွဲ့အစည်းတွေရဲ့ အသီးသီးသော ကိုယ်ကျိုးရှာ စီးပွားသက်သက်သာဖြစ်ကြောင်း တထစ်ချခံယူထားဖို့ ဖြစ်ပါတယ်။

အရေးအကြီးဆုံးက ပထဝီနိုင်ငံရေးနဲ့ ပထဝီစီးပွားရေးအတွေးအခေါ်တွေ ကျွန်တော်တို့မှာရှိနေကြဖို့ပါပဲ။ နိုင်ငံကို ဆီးရီးယားလို အသုံးချခံမဖြစ်ဖို့ အရေးကြီးပါတယ်။ အရာရာကို မပေါ့မဆ ပညာဉာဏ်ရှိရှိ သတိတရားထားနိုင်ဖို့နဲ့ ဒုက္ခရောက်နေတဲ့လူသားတွေအပေါ်မှာ ကိုယ်ချင်းစာတရားထားနိုင်ဖို့လည်း ပါပါတယ်။ နောင်တမရစေချင်တဲ့ စေတနာကြောင့်လည်းဖြစ်သလို တပ်မတော်ကြီး အင်အားခိုင်မာတောင့်တင်းနေဖို့က အရေးကြီးဆုံးဆိုတဲ့အချက်ကိုလည်း လျစ်လျူမရှုမိဖို့လိုပါတယ်။ တပ်မတော်ဆိုတဲ့မဏ္ဍိုင်တစ်ခု အင်အားရှိနေရင် တည်ငြိမ်အေးချမ်းမှု၊ လူမှုစီးပွားဖွံ့ဖြိုးမှု၊ ဘာသာသာသနာနဲ့ ကိုယ်ပိုင်လက္ခဏာ၊ ကျန်တာအားလုံး ကျွဲကူးရေပါဆိုသလို လိုက်ပါတိုးတက်လာပါလိမ့်မယ်။

လောလောဆယ် အရေးကြီးနေတာက ကျွန်တော်တို့အချင်းချင်းကြားမှာ စေတနာသန့်သန့် လေးပြသနိုင်ကြဖို့ ရန်လိုတာတွေ၊ မုန်းခြင်း၊ ချစ်ခြင်းတွေကို ခေတ္တခဏမေ့ထားရအောင် ဖြစ်ပါတယ်။ ဒီအချိန်မှာ နိုင်ငံပဲ့ထွက်မသွားအောင်ကြိုးစားကြဖို့နဲ့ နှစ်သစ်မှာ ဘယ်လို နိုင်ငံရေးအခင်းအကျင်းသစ်ကို လှစ်ဟကြမလဲ၊ ဒါကိုပဲ အလေးအနက်ထား အာရုံစိုက်ကြရအောင် မေတ္တာရပ်ခံအပ်ပါတယ်။ ။

---

စာမျက်နှာ ၁၁ မှ

တင်ပြသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ယင်းသုတေသနသည် စားသုံးသူများဘေးအန္တရာယ် ကင်းရှင်းရေးအတွက် များစွာအထောက်အကူ ဖြစ်စေမည် ဖြစ်ပေသည်။

ညီလာခံတွင် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲလေးခုကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ရာ ညီလာခံပထမရက် မွန်းလွဲပိုင်းတွင် "မြန်မာ-ကိုရီးယားပညာရှင်များပူးတွဲ၍ တီဘီရောဂါ၊ အသည်းရောင် အသားဝါရောဂါနှင့် ငှက်ဖျားရောဂါ သုတေသနဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၅) – Myanmar–Korea Joint Symposium (2025)" ကိုလည်းကောင်း၊ တတိယရက်တွင် "ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့် အချက်အလက်များ ဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော လူမှုဘဝ မြှင့်တင်စေရန် ဆောင်ရွက်ခြင်း – Promoting a Healthy Lifestyle and Addressing Health Risk Behaviors" ကို လည်းကောင်း၊ စတုတ္ထရက်တွင် "မြန်မာနိုင်ငံ၏ သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်စ်ရောဂါများ၏ ဗိုင်းရပ်စ်ပိုးဆိုင်ရာနှင့် သွေးရည်ကြည်ပြောင်းလဲမှုဆိုင်ရာများကို မီးမောင်းထိုးတင်ပြခြင်း – Virological and Immunological Highlights of Dengue, Chikungunya and Zika Virus Infections in Myanmar" ကို လည်းကောင်း၊ ညီလာခံနောက်ဆုံးရက် နံနက်ပိုင်းတွင် "ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence)ကို ဆေးပညာတွင် အသုံးပြုပြီး ကျန်းမာရေးမျိုးဆက်သစ်များကို ပုံဖော်မွေးထုတ်နိုင်ရန် ဆောင်ရွက်နေမှု – Artificial Intelligence: Shaping the Next Generation of Health Professionals" ကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံမှ ပညာရှင်များ၏ ပညာရပ်ဆိုင်ရာ ဟောပြောပွဲကိုလည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

သုတေသနပညာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြု အလေးထားသည့်အနေဖြင့် အကောင်းဆုံးစာတမ်းဆုရွေးချယ်ရေးဆပ်ကော်မတီသည် တင်သွင်းလာသည့်စာတမ်းများမှ အခြေခံသုတေသန (Basic Research) စာတမ်းဆုများ၊ လက်တွေ့အသုံးချ သုတေသန (Applied Research) စာတမ်းဆုများ၊ ကျန်းမာရေးစနစ်သုတေသန (Health Systems Research) စာတမ်းဆုများ၊ လူငယ်သုတေသီဆုများနှင့် ပိုစတာစာတမ်းဆုများကို စိစစ်ရွေးချယ်မည်ဖြစ်ပြီး ဆုရရှိသူ သုတေသီများအား ထိုက်ထိုက်တန်တန် ဆုများ ပေးအပ်ချီးမြှင့်မည် ဖြစ်ပါသည်။

သုတေသန စာတမ်းရှင်များသည် ဆေးသုတေသနဦးစီးဌာနက ထုတ်ဝေသည့် မြန်မာ့ကျန်းမာရေး သိပ္ပံသုတေသနဂျာနယ် (Myanmar Health Sciences Research Journal) သို့ ပေးပို့လိုပါကလည်း ဂျာနယ်သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်လျက် ဂျာနယ်၏အီးမေးလ် *(https:// www.mhsrj-moh.dmr.gov.mm)* သို့ စာတမ်းများပေးပို့နိုင်မည်ဖြစ်ပါသည်။

ညီလာခံကျင်းပစဉ်ရက်များအတွင်း ဆေးဝါးကုမ္ပဏီများ၊ ဓာတ်ခွဲခန်းကိရိယာ၊ ဓာတုပစ္စည်းတင်သွင်းသည့် ကုမ္ပဏီများက ခေတ်မီဆေးနှင့် ဆေးပစ္စည်းကိရိယာ၊ ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းကိရိယာများကို ပြခန်းများဖြင့် စုံလင်စွာခင်းကျင်းပြသကြမည်ဖြစ်ပါသည်။

ယခုအခါ စာတမ်းတင်သွင်းမည့် သုတေသီပညာရှင်များသည် မိမိတို့၏ သုတေသနတွေ့ရှိချက်များကို စွမ်းဆောင်ရည်ပြည့်ဝစွာ အကောင်းဆုံးတင်သွင်းဖတ်ကြားပြသနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိနေကြသကဲ့သို့ မိမိတို့စာတမ်းအကောင်းဆုံးဆုအဖြစ် ရွေးချယ်သတ်မှတ်ခံရရေးအတွက်လည်း မျှော်မှန်းလျက်ရှိနေကြပြီဖြစ်ပေသည်။

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံသို့ တက်ရောက်ကြမည့် ပြည်တွင်းနှင့် နိုင်ငံတကာမှ သုတေသီပညာရှင်များ၊ ဆေးပညာရှင်များ၊ သမားတော်များ၊ စီမံချက်မန်နေဂျာများ၊ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများသည် သုတေသနစာတမ်းရှင်များ၏ တင်ပြချက်များ၊ နှီးနှောဖလှယ်ပွဲများမှ ပညာရပ်ဆိုင်ရာတင်ပြချက်နှင့် ဆွေးနွေးချက်များကို စိတ်ပါဝင်စားစွာ နားထောင်ကြပြီး ကျန်းမာရေးနှင့် ဆေးပညာရပ်ဆိုင်ရာ သတင်းအချက်အလက်များ (Health & Medical Information) ကို မျှဝေဆွေးနွေးကြမည်ဖြစ်ရာ သုတေသီများအတွက် အလွန်တန်ဖိုးရှိသော အခွင့်အရေးကောင်းကို ရရှိမည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့် ကျင်းပသည့် သုတေသနညီလာခံကြီး၌ ပညာရှင်များ၏ တင်ပြဆွေးနွေးတိုင်ပင် အဖြေရှာဖော်ထုတ်ချက်ရလဒ်များကို အခြေပြု၍ နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးကဏ္ဍကို အထောက်အကူပြုမည်ဖြစ်သောလုပ်ငန်းများ၊ ပြည်သူ့အကျိုးကို ဖော်ဆောင်သည့် ကျန်းမာရေးစီမံချက်များကို ချမှတ်နိုင်ကြမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

---



## မော်လမြိုင်မြို့နယ်၌ ဆောင်းနေကြာသီးနှံမျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးထားရှိမှုကွင်းဆင်းကြည့်ရှု

**မော်လမြိုင် ဇန်နဝါရီ ၁၅**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း ဆောင်းသီးနှံများနှင့် ဆီထွက်သီးနှံ နေကြာစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မော်လမြိုင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၄ ရက်က မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာရှိ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးမြေများသို့ ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မော်လမြိုင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဝေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်နှင့် တာဝန်ရှိသူတို့က ရိုးဂိုးကျေးရွာရှိ ကွင်းအမှတ်(၈၁၂/၈၁၃) တောင်သူ ၃၂ ဦး၏ စိုက်ပျိုးမြေဧက ၂၇၀ ၌ နေကြာဧက ၂၃၀၊ စံပြနေကြာဧက ၁၀၀ နှင့် အခြားဆောင်းသီးနှံ စိုက်နည်းစနစ် စံပြစိုက်ကွက်ကို ဆိုလာရေတင်စက်ဖြင့် ဆောင်ရွက်နေမှုနှင့် ကော့ခနိကျေးရွာရှိ တောင်သူများ၏လယ်မြေ၌ ဆီထွက်သီးနှံနေကြာ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား ဆောင်းသီးနှံနှင့် ဆီထွက်သီးနှံ နေကြာစိုက်ပျိုးနိုင်ရေး၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေးစသည့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# သမ္မတယွန်ကို ဖမ်းဆီးထိန်းသိမ်းလိုက်ပြီဟု စုံစမ်းစစ်ဆေးသူများ ပြော



**ဆိုးလ် ဇန်နဝါရီ ၁၅**

တောင်ကိုရီးယားစုံစမ်းစစ်ဆေးသူများက သမ္မတယွန်ဆုခ်ယောကို ဖမ်းဆီးထိန်းသိမ်းလိုက်ပြီဖြစ်ကြောင်း ပြောကြားသည်။ သို့သော်လည်း ၎င်းသည် သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆိုထားသည်။

ယွန်သည် ဒီဇင်ဘာလက ၎င်း၏ မာရှယ်လောထုတ်ပြန်မှုနှင့် ပတ်သက်ပြီး ပုန်ကန်မှုစွဲချက်များဖြင့် ရင်ဆိုင်နေရကြောင်း၊ တောင်ကိုရီးယားနိုင်ငံ သမိုင်းတစ်လျှောက် တာဝန်ထမ်းဆောင်ဆဲ သမ္မတတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းလိုက်ခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်ကြောင်း သိရသည်။

ယွန်ကို ဆိုးလ်မြို့အနီး ဂျောင်ဂီပြည်နယ်ရှိ အဆင့်မြင့်အရာရှိများအတွက် စုံစမ်းစစ်ဆေးရေးရုံးတွင် မေးမြန်းစစ်ဆေးနေသည်။ ဗီဒီယိုရိုက်ကူးမှုကိရိယာများပါရှိသည့် အခန်းတစ်ခုအတွင်း မေးမြန်းမှုများ လုပ်ဆောင်နေသော်လည်း ယွန်က စကားပြောရန် သို့မဟုတ် ရိုက်ကူးရန် ငြင်းဆိုကြောင်း ယွန်ဟက်သတင်းဌာနက ပြောသည်။ သမ္မတလုံခြုံရေးအဖွဲ့နှင့် ပဋိပက္ခဖြစ်ပွားခြင်းမရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ



# ဟေတီနိုင်ငံ၌ ပြည်တွင်းနေရပ်စွန့်ခွာသူပေါင်း တစ်သန်းကျော်ရှိဟု အိုင်အိုအမ်ပြော

**ပေါ့သ်အူပရင့်စ် ဇန်နဝါရီ ၁၅**

ဟေတီနိုင်ငံ၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ ပြည်တွင်းနေရပ်စွန့်ခွာသူပေါင်း ၁ ဒသမ ၀၄၁ သန်းကျော်ရှိကြောင်း ရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်) က ပြောသည်။ အဆိုပါပမာဏမှာ နိုင်ငံ့လူဦးရေ စုစုပေါင်း၏ ၉ ရာခိုင်နှုန်းခန့် ရှိသည်ဟု ဆိုသည်။

ဇန်နဝါရီ ၁၄ ရက်တွင် အိုင်အိုအမ်၏အစီရင်ခံဖော်ပြချက်အရ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ပြည်တွင်းနေရပ်စွန့်ခွာသူပေါင်း ၃၁၅၀၀၀ သာရှိသည့်အတွက် ယမန်နှစ်တွင် နေရပ်စွန့်ခွာလာသူပေါင်း သုံးဆကျော်မြင့်တက်ကြောင်း သိရသည်။

အကြမ်းဖက်မှုများ ဆက်တိုက်ဖြစ်ပေါ်နေမှုက ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကဲ့သို့ မရှိမဖြစ်အရေးပါသော ဝန်ဆောင်မှုဌာနပြိုလဲမှုများကိုဖြစ်ပေါ်စေသည်။ ထို့ပြင် စားရေရိက္ခာမလုံလောက်မှုအခြေအနေ ပိုမိုဆိုးရွားလာခြင်းသည် ပြည်တွင်းနေရပ်စွန့်ခွာသူ အရေအတွက် ပိုမိုများပြားလာခြင်း၏နောက်ကွယ်မှ အဓိကအကြောင်းရင်းတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါအစီရင်ခံစာတွင် နိုင်ငံ၏မြို့တော် ပေါ့သ်အူပရင့်စ်၌ ပြည်တွင်းနေရပ်စွန့်ခွာသူအရေအတွက်မှာ ၈၇ ရာခိုင်နှုန်းရှိသောကြောင့် နှစ်ဆခန့်မြင့်တက်လာကြောင်း ဖော်ပြထားသည်။ နေရပ်စွန့်ခွာလာသူများအနက် ကလေးငယ်များမှာ ဆိုးဆိုးရွားရွား ထိခိုက်ခံစားရလျက်ရှိပြီး အစားအစာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အမိုးအကာနှင့် သန့်ရှင်းသောသောက်သုံးရေအရေးပေါ် လိုအပ်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂျပန်လဆင်းယာဉ်တစ်စင်း ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်

**တိုကျို ဇန်နဝါရီ ၁၅**

ဂျပန်နိုင်ငံမှတီထွင်ထုတ်လုပ်လိုက်သော လဆင်းယာဉ်တစ်စင်းသည် ဖလော်ရီဒါပြည်နယ်မှ အမေရိကန်ဒုံးပျံဖြင့် လွှတ်တင်လိုက်ပြီးနောက် ပတ်လမ်းအတွင်းသို့အောင်မြင်စွာဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

တိုကျိုအခြေစိုက် ပုဂ္ဂလိကလဆင်းယာဉ်စူးစမ်းလေ့လာရေး စက်ရုပ်တီထွင်သည့် ကုမ္ပဏီ ispace သည် ၂၀၂၃ ခုနှစ် ဧပြီလတွင် ပထမဆုံးအကြိမ် ကြိုးပမ်းအားထုတ်မှု မအောင်မမြင်ဖြစ်ခဲ့ပြီးနောက် ယခုအခါ လကမ္ဘာသို့ လဆင်းယာဉ် ဒုတိယအကြိမ် ဆင်းသက်ရန် လုပ်ဆောင်လျက်ရှိသည်။

လဆင်းယာဉ် သယ်ဆောင်သော ဒုံးပျံကို ဇန်နဝါရီ ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီက ကနေဒီအာကာသစင်တာမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ အာကာသယာဉ်သည် လွှတ်တင်ပြီး မိနစ် ၉၀ ခန့်အကြာတွင် ဒုံးပျံမှ ခွဲထွက်ကာ ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့သည်။




ispace ကုမ္ပဏီသည် ၎င်း၏ လဆင်းယာဉ် လကမ္ဘာသို့ အောင်မြင်စွာ ဆင်းသက်နိုင်ပါက လကမ္ဘာသို့ ဆင်းသက်နိုင်သော ပထမဆုံးပုဂ္ဂလိက ဂျပန်ကုမ္ပဏီ ဖြစ်လာမည်ဖြစ်သည်။

ispace ကုမ္ပဏီမှ စီအီးအို ဖြစ်သူ ဟာကာမာဒါ တာကေရှိက လွန်ခဲ့သည့် နှစ်နှစ်ခန့်က ပထမဆုံးအကြိမ် ကြိုးပမ်းအားထုတ်မှုမှ သင်ခန်းစာများကို လေ့လာပြီး ယုံကြည်မှုအပြည့်ဖြင့် လဆင်းယာဉ်မစ်ရှင်ကို လုပ်ဆောင်နေကြောင်း ပြောသည်။

အင်န်အိတ်ချ်ကေ

# ဖိလစ်ပိုင်မြို့တော် မနီလာ၌ မီးလောင်မှုဖြစ်ပွား၊ ကလေးသုံးဦးသေဆုံး

**မနီလာ ဇန်နဝါရီ ၁၅**

ဖိလစ်ပိုင်မြို့တော် မနီလာရှိ နှစ်ထပ်အိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ပြီး အိမ်ထဲ၌ ပိတ်မိနေသော အသက်ငါးနှစ်၊ ၁၁ နှစ်နှင့် ၁၆ နှစ်အရွယ်မိန်းကလေး သုံးဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီ ၁၅ ရက်က ပြောကြားခဲ့သည်။

ဇန်နဝါရီ ၁၄ ရက် မီးလောင်မှုဖြစ်ပွားချိန်တွင် သေဆုံးသူများမှာ ဒုတိယထပ်၌ အိပ်ပျော်နေသူများဖြစ်ကြောင်း ရဲအရာရှိ အလီဂျန်ဒရိုရာမိုးစ်က ပြောသည်။

သေဆုံးသူ ကလေးများ၏ မိခင်ဖြစ်သူမှာ မြေညီထပ်ရေချိုးခန်းထဲ၌ အခြားကလေးတစ်ဦးကို ရေချိုးပေးနေချိန်တွင် မီးလောင်မှုဖြစ်ပွားခဲ့သောကြောင့် အပေါ်ထပ်တွင် အိပ်ပျော်နေသော ကလေးများကို မီးလောင်မှုမှ မကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။



မီးလောင်မှုကို ငြိမ်းသတ်နိုင်ရန် မီးလောင်မှုဖြစ်ပွားနေသော အိမ်အတွင်းသို့ မီးသတ်သမားများဝင်ရောက်ရန် ကြိုးစားသော်လည်း မီးခိုးလုံးများနှင့် ကျဉ်းမြောင်းနေသော လမ်းများကြောင့် အထဲသို့ ဝင်ရောက်ရန် အခက်ကြုံခဲ့သောကြောင့် မီးသတ်သမားများသည် မီးလောင်မှုကို ငြိမ်းသတ်ရန် တစ်နာရီခန့် ကြာမြင့်ခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ဆင်ဟွာ

# ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိရန် ပို၍နီးကပ်လာပြီဟုဆို

**ဂါဇာ ဇန်နဝါရီ ၁၅**

ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ချက်များ တဖြည်းဖြည်း မြင့်တက်လာသည်နှင့်အမျှ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် အီဂျစ်သမ္မတ အဗ္ဗဒယ်ဖာ့တာ အယ်လ်စီစီတို့သည် လာမည့် နာရီပိုင်းအတွင်း အနီးကပ် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဟု ကတိပြုထားကြောင်း ပြောသည်။

ပဋိပက္ခဖြစ်ပွားရာ ဒေသတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများတိုးမြှင့်ပေးနိုင်ရေးနှင့် ဓားစာခံများ ပြန်လည် လွတ်မြောက်ရေးတို့အတွက် အပစ်အခတ်ရပ်စဲရေး အမြန်ဆုံးလိုအပ်သည်ဟု ခေါင်းဆောင်နှစ်ဦးစလုံးက အလေးအနက်ထား ပြောကြားခဲ့သည်။

အပစ်အခတ် ရပ်စဲရေးနှင့် ဓားစာခံများ ပြန်လွှတ်ပေးရေးတို့အတွက် အစ္စရေးနှင့်ဟားမားစ်တို့ကြား သဘောတူညီချက် ရရှိရေးကို အမေရိကန်သမ္မတနှင့် အီဂျစ်သမ္မတတို့ ဇန်နဝါရီ ၁၄ ရက်တွင် ဖုန်းဖြင့်ဆွေးနွေးခဲ့ကြသည်ဟု အိမ်ဖြူတော်က ပြောသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်ကလည်း ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိရန်မှာ ယခင်ကထက် ပို၍နီးကပ်လာပြီဟု ပြောသည်။

စေ့စပ် ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်နေသည့် ကာတာနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက နောက်ဆုံးအသေးစိတ် အချက်အလက်များနှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်နေပြီဖြစ်ကြောင်း မှတ်ချက်ချ ပြောဆိုခဲ့သည်။

ဆင်ဟွာ

## မန္တလေးမြို့၌ မြန်မာ-အိန္ဒိယနယ်စပ်သို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သည့်အဖွဲ့အား ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလို၊ PHENSEDYL ပုလင်း ၃၀ နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

မန္တလေးမြို့၌ မြန်မာ-အိန္ဒိယနယ်စပ်သို့ မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်သည့် အဖွဲ့အား ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလို၊ PHENSEDYL ပုလင်း၃၀ နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၇ ရက် ညနေ ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂) ရပ်ကွက် ၄၁(A)လမ်း၊ ၆၁ x ၆၂ လမ်းကြားတွင် မူးယစ်ဆေးဝါး အရောင်းအဝယ် ပြုလုပ်နေကြောင်း သတင်းအရရှာဖွေစစ်ဆေးခဲ့ရာ စောဖြိုးအောင်၊ လင်းလင်းအောင်၊ လှိုင်ဖြိုးထွေး (ခ)ကိုထွေး နှင့် အောင်မျိုးသိန်း(ခ) တာတီးတို့ လေးဦးကို TOYOTA CROWN မော်တော်ယာဉ်တစ်စီး၊ ပလတ်စတစ် ဆပ်ပြာခွက် ၆၆၀ ဖြင့် ထည့်လျက် ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၄ နာရီခွဲအချိန် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင် ရပ်ကွက်ရှိ စောဖြိုးအောင်၏ နေအိမ်မှ တစ်ပုလင်းလျှင် ၁၀၀ မီလီလီတာ စီပါ PHENSEDYL ပုလင်း ၃၀ ထပ်မံ ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ရှမ်း






ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ နှင့်အတူ တွေ့ရစဉ်။

ပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာနေ ကိုစိုင်း(ခ)အားချိန်၏ အစီအမံဖြင့် ချမ်းအေးသာစံမြို့နယ်နေ အောင်သူ (ခ) စိန်သောင်းက တာဝန်ခံ၍ လှိုင်ဖြိုးထွေး၊ သန့်ဇင်ထွန်း၊ လင်းလင်းအောင်နှင့် ဇော်မျိုးသိန်းတို့အား သယ်ဆောင်ခိုင်းပြီး ချမ်းအေးသာစံမြို့နယ်နေ စောဖြိုးအောင်မှ မန္တလေးမြို့တွင် ဘိန်းဖြူများဝယ်ယူ၍ မြန်မာ-အိန္ဒိယနယ်စပ်၊ တမူးမြို့နယ်သို့ သယ်ဆောင် ရောင်းဝယ်ပြီး မြန်မာ-အိန္ဒိယနယ်စပ်နေ ကီရန်းက ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်းနှင့် ကလေးမြို့မှ မန္တလေးမြို့သို့ PHENSEDYL များ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဘိန်းဖြူရောင်းချပေးခဲ့သည့် အောင်သူနှင့် သန့်ဇင်ထွန်းတို့အား ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် လိန်းလီကျေးရွာအနီးတွင် SUZUKI Ciaz မော်တော်ယာဉ်တစ်စီးနှင့် လည်းကောင်း၊ PHENSEDYL များ ရောင်းချပေးခဲ့သူ လှိုင်မျိုးထွန်း(ခ) သီလွန်း အား မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မင်းတဲအီကင်း ရပ်ကွက်တွင် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့၍ ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**မန္တလေးမြို့တွင် မြန်မာ-အိန္ဒိယနယ်စပ်သို့သယ်ဆောင်ရောင်းဝယ်သည့် ဘိန်းဖြူ ၅ ဒသမ ၉၄ ကီလိုနှင့် မန္တလေးသို့ PHENSEDYL ဆေးရည် သယ်ဆောင်ရောင်းဝယ်သူများ ဖော်ထုတ်ဖမ်းဆီးရမိ**



## ညစ်ညမ်းစာများကို ပုံနှိပ်၊ ထုတ်ဝေခဲ့သည့်အတွက် လုပ်ငန်းပိတ်သိမ်းထားသော ပုံနှိပ်သူနှင့် ထုတ်ဝေသူစာရင်းအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့် အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)ပါ ညစ်ညမ်းစာများကိုဖော်ပြခြင်း စည်းကမ်းချက်ကိုဖောက်ဖျက်၍ ဟီရိဩတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့် ခံစားနားလည်မှုကို လွဲမှားစေနိုင်သော အကြောင်းအရာများကို ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခဲ့ကြောင်း တွေ့ရှိရပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ပုံနှိပ်သူ/ထုတ်ဝေသူ အမည်/မှတ်ပုံတင်အမှတ်/ စာပေတိုက် | ပုံနှိပ်သူ/ ထုတ်ဝေသူ နေရပ်လိပ်စာ | အရေးယူဆောင်ရွက်မှု |
|---|---|---|---|---|---|
| (က) | "သခင်ကြင်လျှင်ပန်တော်မူ" | Poe Sone Kyuu | ဒေါ်အေးအေးသင်း မာစတာ(Master) မိတ္တူ (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ) | အမှတ်-၁၀၃၊ ဝေဇယန္တာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း -ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း -ထုတ်ဝေစာပေးပို့ရန်ပျက်ကွက်ခြင်း |
| | | | ဒေါ်အေးသီဟန်ဖြိုး ၁၂/သကတ(နိုင်) ၁၉၈၆၁၂ (Euphoria Book House -၀၃၁၅၃) | အမှတ်(၁၂၄၁/ ခ)၊ ခိုင်ရွှေဝါ(၁) လမ်း၊ (၁၃) ရပ်ကွက်၊ ၁၀/တောင်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | |
| (ခ) | "အို … ဤအချစ်များရယ် ဘာကြောင့်ဆုံဖို့ခက်ရတယ်" | Suri Park | ဒေါ်အေးအေးသင်း မာစတာ(Master) မိတ္တူ (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ) | အမှတ်-၁၀၃၊ ဝေဇယန္တာလမ်း၊ ၆- ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း -ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း -ထုတ်ဝေစာပေးပို့ရန်ပျက်ကွက်ခြင်း |
| | | | ဒေါ်အေးသီဟန်ဖြိုး ၁၂/သကတ(နိုင်) ၁၉၈၆၁၂ (Euphoria Book House -၀၃၁၅၃) | အမှတ်(၁၂၄၁/ ခ)၊ ခိုင်ရွှေဝါ(၁) လမ်း၊ (၁၃) ရပ်ကွက်၊ ၁၀/တောင်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း -ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း -ထုတ်ဝေစာပေးပို့ရန်ပျက်ကွက်ခြင်း |
| (ဂ) | "ရင်ခွင်ညှာရယ် ချစ်လွန်းပို၏" | Mirella-vc | ဒေါ်အေးအေးသင်း မာစတာ(Master) မိတ္တူ (လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ) | အမှတ်-၁၀၃၊ ဝေဇယန္တာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | -ညစ်ညမ်းစာများ ဖော်ပြခြင်း -ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း -ထုတ်ဝေစာပေးပို့ရန်ပျက်ကွက်ခြင်း |
| | | | ဒေါ်အေးသီဟန်ဖြိုး ၁၂/သကတ(နိုင်) ၁၉၈၆၁၂ (Euphoria Book House -၀၃၁၅၃) | အမှတ်(၁၂၄၁/ ခ)၊ ခိုင်ရွှေဝါ(၁) လမ်း၊ (၁၃) ရပ်ကွက်၊ ၁၀/တောင်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | |

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအား ဖတ်ရှုလေ့လာစိစစ်၍ ကြပ်မတ်စိစစ်လျက်ရှိပါကြောင်းနှင့် အဆိုပါ ဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သော အထက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူတို့အား ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ရုပ်သိမ်းခြင်း၊ ထုတ်ဝေစာအုပ်များကို တရားမဝင်ထုတ်ဝေစာအဖြစ် ထုတ်ပြန်ကြေညာခြင်း၊ ဥပဒေနှင့်အညီတရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကို ဖောက်ဖျက်၍ ပုံနှိပ်၊ ထုတ်ဝေခြင်းများကိုပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




**နေပြည်တော် ဇန်နဝါရီ ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ဇန်နဝါရီ ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၂၄၈၀၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၁၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုပုံးမြို့နယ် ကျိုင်းတုံ-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးအနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဟိုပုံးမြို့နယ် ဟိုပုံးရေထွက်အနီး၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၅၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျိုင်းတုံမြို့ ကျိုင်းဖောင်းရွာအနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၆၅၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာစစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်သစ်မာ ၁ ဒသမ ၂၅၄ တန်၊ အခြားသစ် ၀ ဒသမ ၈၁၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၈၄၅၆) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၄၈၄၅၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၂၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် UD Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀၀) ကို လည်းကောင်း၊ ရန်ကုန် - မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၆၆/၆)၊ တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၀၅၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၂၃၀၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့ အမှတ်(၅) ရပ်ကွက်၌ လိုင်စင်မဲ့ Honda PCX မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၆၅၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၈၂၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၄၅၀၄၃၂၀ ကို ဖမ်းဆီးရမိသည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုး သက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ထောင်ကျနေစဉ် လုံလောက်သည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်းကြောင့် သေဆုံးသွားသည်ဟု မဟုတ်မမှန် သတင်းရေးသား ဖြန့်ဝေခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဒိုက်ဦးဗဟိုအကျဉ်းထောင်တွင် ဆီးကျောက်ရောဂါ ဝေဒနာပြင်းထန်စွာခံစားနေရသည့် အကျဉ်းသား မျိုးမင်းဦးသည် ထောင်ကျနေစဉ်အတွင်း လုံလောက်သည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုမရရှိခြင်းကြောင့် သေဆုံးသွားသည်ဟု Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန် သတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

အဆိုပါအကျဉ်းသားသည် အကျဉ်းထောင် ဆရာဝန်နှင့် ကျန်းမာရေးမှူးတို့၏ အနီးကပ်ကြပ်မတ်ကုသပေးခြင်း၊ ပဲခူးခရိုင်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ကျဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများ၏ အချိန်ပြည့် ကြပ်မတ်ကုသပေးခြင်း၊ လိုအပ်သည့် ဆေးဝါးများကို အကျဉ်းထောင်ဆေးရုံမှ အချိန်မီ စီမံဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ခံစားနေရသောရောဂါဖြင့် သေဆုံးခြင်းသာဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမပေး၍ သေဆုံးခဲ့ခြင်းမျိုးမဟုတ်ကြောင်း သိရသည်။

ဖြစ်စဉ်အမှန်မှာ အကျဉ်းသား မျိုးမင်းဦးသည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်က ဆေးရုံအုပ်၏ ကျန်းမာရေးစစ်ဆေးချက်အရ နာတာရှည်ကျောက်ကပ်ရောဂါနှင့် သွေးအားနည်းရောဂါ ခံစားနေရကြောင်း တွေ့ရှိသဖြင့် ယင်းနေ့မှစတင်၍ အကျဉ်းထောင်ဆေးရုံတွင် တက်ရောက်စေပြီး အကျဉ်းထောင်ဆရာဝန်များက ဆေးဝါးကုသပေးခဲ့သည့်အပြင် ပိုမိုထိရောက်ကောင်းမွန်သော ဆေးကုသမှုခံယူနိုင်ရန် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် ပဲခူးခရိုင်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသပေးခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံကြီးရှိဆရာဝန်များက ဆေးဝါးကုသပေးခဲ့သော်လည်း ဆေးရုံတက်ကာလ ၁၆ ရက်အကြာ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် ခံစားနေရသောရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးမကောင်းသည့် အကျဉ်းသားများကို အကျဉ်းထောင်ဆရာဝန်၊ ကျန်းမာရေးမှူးများဖြင့် ဆေးဝါးကုသပေးခြင်း၊ လိုအပ်သည့်ဆေးဝါးများကိုလည်း အချိန်မီဝယ်ယူဖြည့်တင်းပေးခြင်းတို့ဖြင့် ဆေးကုသမှုပေးလျက်ရှိပြီး မိသားစုဝင်များက အကျဉ်းသားအတွက် လာရောက်ပေးအပ်သည့် ဆေးဝါးများကို အကျဉ်းထောင်ဆရာဝန်က စိစစ်လက်ခံ၍ သောက်သုံးစေလျက်ရှိသည့်အပြင် ပြင်ပပြည်သူ့ဆေးရုံကြီးသို့ ပြသ/တင်ပို့ ကုသရန် လိုအပ်သူများကို အချိန်နှင့်တစ်ပြေးညီ ပြသ/တင်ပို့ ကုသပေးလျက်ရှိသဖြင့် Khit Thit Media အမည်ခံ Facebook Page ၏ သတင်းရေးသားဖော်ပြမှုသည် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဝါဒဖြန့်ရေးသားဖော်ပြခြင်းသာ ဖြစ်သည်။

**သစ္စာ**

## ချောက်မြို့နယ် ဆည်ကန်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိ ဆည်ကန်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ခဲ့ကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအတု သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ လုံခြုံရေး




တပ်ဖွဲ့ဝင်များက နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း သိရှိရပြီး အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုအား အနိုင်ကျင့်ခြိမ်းခြောက်မှုများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့် ဓာတ်ပုံများကို အသုံးပြု၍ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်) နှင့် မြစ်ရေယာဉ်(စကု)တို့သည် မအူပင်မြို့နယ် ထနီးကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ထနီးကျေးရွာ အောင်ကျိုက္ခမီဘုန်းကြီးကျောင်းရှိ ဓမ္မရတနာဗိမာန်၌ အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၄၅၅ ဦး တို့ကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကု ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၄၅ ဦး၊ ခွဲစိတ်ရောဂါ ၁၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၁ ဦး၊ ကလေးရောဂါ ၂၂ ဦး၊ အရိုးရောဂါ ၇၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၂ ဦး၊ မျက်စိရောဂါ ၈၈ ဦး၊ သွားရောဂါ ၅၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် အထွေထွေခွဲစိတ်လူနာလေးဦးကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၁၁ ဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက် လူနာ ၃၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မော်လမြိုင်၌ အဆင့်မြင့် လူနေတိုက်ခန်းနှင့် ဆိုင်ခန်းများဆောက်လုပ်ခြင်း လုပ်ငန်းညှိနှိုင်းစည်းဝေး

**မော်လမြိုင် ဇန်နဝါရီ ၁၅**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သမဝါယမအသင်းစုနှင့် ဝင်းဆောက်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်း၍ အဆင့်မြင့် လူနေတိုက်ခန်းနှင့် ဆိုင်ခန်းများ ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်စန်းနိုင်သည် အသင်းမှတာဝန်ရှိသူများနှင့် မွန်ပြည်နယ် သမဝါယမဦးစီးဌာန၌ ယနေ့နံနက်ပိုင်းက ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။



ယင်းနောက် မော်လမြိုင်မြို့နယ် ရွှေဝါလမ်းနှင့် ဒိုင်းဝန်းကွင်း လမ်းထောင့်ရှိ မော်လမြိုင်မြို့နယ် သမဝါယမအသင်းစုပိုင်မြေနေရာတွင် အဆင့်မြင့်လူနေတိုက်ခန်းနှင့် ဆိုင်ခန်းများပါရှိသည့် သုံးခန်းတွဲ ငါးထပ်ခွဲအဆောက်အအုံတစ်လုံးနှင့် နှစ်ခန်းတွဲ ငါးထပ်အဆောက်အအုံတစ်လုံးကို လည်းကောင်း၊ ရွှေလမ်းနှင့် ကျောက်မီးသွေးရုံလမ်းထောင့်၌ တစ်ခန်းတွဲ ရှစ်ထပ်ခွဲအဆောက်အအုံတစ်လုံးနှင့် နှစ်ခန်းတွဲ ငါးထပ်အဆောက်အအုံနှစ်လုံး ဆောက်လုပ်မည့် အစီအစဉ်ကို အသင်းမှတာဝန်ရှိသူများ၏ တင်ပြခြင်းအပေါ် ပြည်နယ်လမ်းပန်းဆယ်သွယ်ရေးဝန်ကြီးက ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

# ကော့မှူးမြို့နယ် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် သမင်ခြံကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ သမင်ခြံ ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၆၂ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ မျက်စိရောဂါ၊ အရေပြားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြောင်းမြမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်



**မြောင်းမြ ဇန်နဝါရီ ၁၅**

မြောင်းမြမြို့၌ မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီတွင် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မီးဘေးအန္တရာယ် စိုးရိမ်ရသည့် Gas အရောင်းဆိုင်များ စစ်ဆေးခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

အဆိုပါ စစ်ဆေးဆောင်ရွက်ခြင်းများကို မြောင်းမြမြို့နယ် ဒုမီးသတ်ဦးစီးမှူး ဦးမင်းလွင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်စိုးရိမ်ရသည့် Gas အရောင်းဆိုင်များ စစ်ဆေးခြင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဖြစ်သည့် နေအိမ်များ တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ စက်ရုံ/အလုပ်ရုံများ၊ သစ်တောများ မီးမလောင်ရေး စစ်ဆေးအကြံပေးဆွေးနွေးခြင်းများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

**ဇေယျာ (မြောင်းမြ)**




# အလုပ်ခွင်ထိခိုက်မှုကြောင့် ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် မြို့နယ်လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော အနော်ရထာစက်မှုဇုန်ရှိ Eternal fashion Co.,Ltd. (အထည်ချုပ်စက်ရုံ) မှ အာမခံအလုပ်သမား၌ ဒေါ်ဝင်းစန္ဒာသည် အလုပ်တွင် ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ပေးအပ်သည့် အခမ်းအနားကို ယမန်နေ့က ကျောက်တံတားမြို့နယ် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တာဝန်ခံအရာရှိက အလုပ်ရှင်၊ အလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး လုပ်ငန်းခွင်ထိခိုက် သေဆုံးခြင်းအတွက် နာရေးစရိတ် ငွေကျပ် ၇၄၄၀၀၀ နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ၇၄၄၀၀၀၀ စုစုပေါင်းငွေကျပ် ၈၁၈၄၀၀၀ ကို ဖခင်ဖြစ်သူထံပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပန်းတနော်မြို့၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

**ပန်းတနော် ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ မီးဘေးအန္တရာယ်ကင်းဝေးနိုင်စေရေးအတွက် ယနေ့နံနက်ပိုင်းတွင် ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မီးဘေးလုံခြုံရေးနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦးက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများကို Fire Hotspot နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ မီးဖိုများကို အိမ်အောက်သို့ချ၍ ချက်ပြုတ်စေရေး၊ EV Car များ မီးဘေးလုံခြုံရေး၊ နေအိမ်တွင် မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ မီးသတ်ဆေးဘူးများ မီးဘေးကာကွယ်ရေးပစ္စည်းများကို အသင့်ထားရှိရေး၊ နေအိမ်များတွင် လောင်စာဆီများ သိုလှောင်ခြင်းမပြုစေရေး၊ အိမ်တွင်တပ်ဆင်ထားသော ဟောင်းနွမ်းလျှပ်စစ်ဝိုင်ယာကြိုးများနှင့် ပျက်စီးနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုကြရန် စသည့် အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။



**မြို့နယ် (ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု စိစစ်ရွေးချယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မကွေး ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီးအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု စိစစ်ရွေးချယ်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မိုးက (၂၀၂၄ - ၂၀၂၅) ဘဏ္ဍာနှစ် တိုင်းဒေသကြီးအတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု ချီးမြှင့်နိုင်ရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၁၅ ကျောင်းကို အပြီးသတ် ဆုစိစစ်ရွေးချယ်နိုင်ရေးအတွက် တိုင်းဒေသကြီးအဆင့် ဆုရွေးချယ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးပြီးစီးမှု အခြေအနေများနှင့် ကွင်းဆင်းစစ်ဆေးမှု ရလဒ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များက ဆုရကျောင်းများ ရွေးချယ်နိုင်ရေးအတွက် အကြံပြုဆွေးနွေးခြင်းများပြုလုပ်၍ တိုင်းဒေသကြီးအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် အတည်ပြုဆုရကျောင်းများ၏ အမည်စာရင်းကို ကြေညာခဲ့ကြောင်း သိရသည်။ **အောင်ကို (ဖန်ခါးမြေ)**



## မအူပင်မြို့နယ်ရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မအူပင် ဇန်နဝါရီ ၁၅**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်) အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေးက ဇန်နဝါရီ ၁၃ ရက်တွင် မအူပင်မြို့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော သောင်တန်း- တံခွန်တိုင်- မီးသွေးချောင်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ မအူပင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ မအူပင်မြို့နယ်ဦးစီးအရာရှိ (မြို့ပြ)တာဝန်နှင့် ကုမ္ပဏီလုပ်ငန်းတာဝန်ခံတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။



ထို့နောက် အင်ဂျင်နီယာချုပ် (မြို့ပြ)က လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

## စစ်တွေမြို့နယ်၌ ယာယီဘေလီသံပေါင် သစ်သား ကြမ်းခင်းတံတား တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**စစ်တွေ ဇန်နဝါရီ ၁၅**

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးထွန်းဝေနှင့်အဖွဲ့သည် ယမန်နေ့က စစ်တွေမြို့နယ် မှန်စီကျေးရွာသွားလမ်းပေါ်ရှိ ယာယီဘေလီ သံပေါင်သစ်သားကြမ်းခင်း တံတားတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေးသည်။

စစ်တွေမြို့နယ် မှန်စီကျေးရွာသွားလမ်းပေါ်ရှိ ယာယီဘေလီ သံပေါင်သစ်သားကြမ်းခင်း တံတားအလျားပေ ၄၀ တည်ဆောက်မှုကို စစ်တွေမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေကျပ် ၂၈ ဒသမ ၁၉ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါ တံတားတည်ဆောက်ခြင်းလုပ်ငန်း အချိန်မီပြီးစီးနိုင်ရေးအတွက် အင်ဂျင်နီယာချုပ်က ကွင်းဆင်းစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**တင်ထွန်း(ပြန်/ဆက်)**



## လွိုင်လင် - လွိုင်မုံမိုင်းကျေးရွာလမ်း မြေသားလမ်းမှ ကတ္တရာခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေး

**လွိုင်လင် ဇန်နဝါရီ ၁၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန လွိုင်လင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လွိုင်လင်- လွိုင်မုံမိုင်းလမ်း မြေသားလမ်းမှ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ရှိသူများ ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဇော်သက်နိုင်၊ ဦးစီးအရာရှိ (မြို့ပြ) ဒေါ်နွေးတင့်လှိုင်နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အရည်အသွေးထိန်းသိမ်းရေးအဖွဲ့များက ကွင်းဆင်းစစ်ဆေးရာ တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။



အဆိုပါ လွိုင်လင် - လွိုင်မုံမိုင်းလမ်း မြေသားလမ်းမှ ကတ္တရာခင်းခြင်းလုပ်ငန်းကို ပြည်နယ်ငွေလုံးငွေရင်း (မူလ) ရန်ပုံငွေဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။ **လွိုင်လင်မိုး**

## လယ်ဝေးမြို့ သီရိရတနာမြို့မဈေး၌ မီးငြှိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ



**လယ်ဝေး ဇန်နဝါရီ ၁၅**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်းနှင့် မီးငြှိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းကို ယနေ့နံနက်က လယ်ဝေးမြို့ သီရိရတနာမြို့မဈေးတွင် ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်နှင့် ဈေးသူ ဈေးသားများ တက်ရောက်ခဲ့သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးက မီးဘေးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက ဈေးသူ ဈေးသားများအား မီးငြှိမ်းသတ်နည်းတို့ကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

## တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေး

**မက်မန်း ဇန်နဝါရီ ၁၅**

ရှမ်းပြည်နယ် မက်မန်းမြို့နယ်အတွင်းရှိ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက်က အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျိုင်းတုံတက္ကသိုလ်မှ မြန်မာစာ ပါမောက္ခ/ဌာနမှူး ဒေါက်တာမိုးမိုးစောက တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာ ပါမောက္ခဆရာမကြီးများက သင်ကြားပြသပို့ချခဲ့မှုအပေါ် အထက်တန်းပြ ဆရာ ဆရာမများအနေဖြင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ထိထိရောက်ရောက်ပြန်လည်ပို့ချနိုင်မှသာလျှင် အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့် တာဝန်ရှိသူများက ပါမောက္ခ/ဌာနမှူး ဆရာမကြီးများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ **အေဇက်ထွန်း(မက်မန်း)**



## ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြော

**မအူပင် ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် Polytechnic University (Maubin)၊ Faculty of Computing ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ မအူပင်ခရိုင် အမှတ်(၈၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမိုးမြင့်ကိုက လိုင်စင်မဲ့မော်တော်ယာဉ်များ မစီးနင်းရန်၊ ဆိုင်ကယ်စီးနင်းပါက ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းရန်နှင့် အန္တရာယ်သတိပေးလမ်းညွှန်အကြောင်းအရာများကို ရှင်းလင်းဟောပြောပြီး ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ စစ်ဆေးရေးမှူး ဦးအောင်ကျော်ဆန်းက မအူပင်ခရိုင်အတွင်း ယာဉ်တိုက်မှုနှုန်းယှဉ်ချက်များ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု နည်းဥပဒေများ၊ ယာဉ်မတော်တဆဖြစ်လျှင် လိုက်နာရမည့် အချက်များကို ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက ကုန်ညွှန်း အမှတ်အသားအကြောင်းအရာများ၊ စားသုံးသူ၏ အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် စားသုံးသူအခွင့်အရေးများကို ရှင်းလင်းဟောပြောပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

( စ ) ဘွဲ့လက်မှတ်(မူရင်း)နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

( ဈ ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံ တို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၈ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## မွေးသက္ကရာဇ်အမှန်

ဒိုက်ဦးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးမှ ဦးကျော်မင်းစိုး (ခေတ်ပုံကျွမ်းကျင်–၂)၏ မွေးသက္ကရာဇ်အမှန်မှာ (၁၉–၈–၁၉၇၀) ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ရဲလင်းပိုင်(ဘ)ဦးအုန်းသွင် ၁၄/ကပန(နိုင်)၂၁၃၆၆၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

## ဖခင်အမည်မှန်

မိုင်းဆတ်မြို့၊ အထက (မိုင်းဆတ်) Grade–10မှ နန်းကောင်ခမ်း၏ ဖခင်အမည်မှန်မှာ ဦးစောယ ၁၃/မဆန(နိုင်) ၀၁၃၂၄၇ဖြစ်ပါကြောင်း။

**ဦးစောယ**

## ဖခင်အမည်မှန်

မိုင်းဆတ်မြို့၊ အထက (မိုင်းဆတ်) Grade–7(B)မှ နန်းမွန်းခမ်း၏ ဖခင်အမည်မှန်မှာ ဦးကျော်သူအောင် ၁၃/မတန(နိုင်) ၀၁၇၀၅၅ ဖြစ်ပါကြောင်း။

**ဦးကျော်သူအောင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၈)ဦးပိုင်အမှတ်(၁၀၅–ခ)၊ ၆၂လမ်း၊ ၁၇x၁၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြထွေး ၏(SP ရရှိသူ ဦးမျိုးညွန့်အောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၃၉၃၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စုစုရီ ၉/မနမ(နိုင်)၁၀၄၃၆၀က အမှုတွဲအမှတ်(၅၈၁၅/၂၀၂၄–၂၀၂၅)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ခဓ–၉၊ ဦးပိုင်အမှတ် (၆၁)၊ ၁၃၀လမ်း၊ ၆၀(ဒီ)လမ်းပေါ်ရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးမှိုထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၇၆၃/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်မြအေး ၉/အမရ(နိုင်)၁၈၃၃၅၃က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၈၁၃/၂၀၂၄–၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ် (၄၁၅–S)၊ဦးပိုင်အမှတ်(၂၄–တ)၊ ၁၂x၁၄ကြား၊ ၈၇x၈၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးမျိုးလွင် ၊ဒေါ်မြင့်မြင့်အေး ၎င်း၏(GP ရရှိသူ ဦးမျိုးလွင် က ၎င်းကိုယ်တိုင်နှင့် အတူ )ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၉၂၀/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဦးစိန်ဝင်း ၉/မရမ(နိုင်) ၀၁၀၉၈၁၊ ဒေါ်စန်းစန်းမြင့် ၉/မနမ(နိုင်)၀၄၃၀၂၅တို့က အမှုတွဲအမှတ်(၅၈၁၆/ ၂၀၂၄–၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## (၆-၆-၂၀၂၃)ရက်စွဲပါ ကန်ထရိုက်စနစ်ဖြင့် (၂)ခန်းတွဲ (၆)ထပ်တိုက် တိုက်ဆောက်လုပ်ရန် နှစ်ဦးသဘောတူစာချုပ်အား ဖျက်သိမ်းကြောင်း ဦးဇင်လင်းထက် (၁၂/တမန(နိုင်) ၁၁၈၈၁၉) (ကန်ထရိုက်တာ)နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ်(၁၀၄)နေ ဒေါ်ဝင်းဝင်းမြ (၁၂/စခန(နိုင်) ၀၀၀၀၀၈)၏ လွှဲအပ်ညွှန်ကြားချက်အရ–

(၆–၆–၂၀၂၃)ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ်(၁၀၄)ဟုခေါ်တွင်သော မြေအကျယ်(၄၀ပေx ၆၀ပေ)ပေါ်တွင် (၂)ခန်းတွဲ(၆)ထပ်တိုက် ဆောက်လုပ်ရန်အတွက် ဦးဇင်လင်းထက် (၁၂/တမန(နိုင်)၁၁၈၈၁၉)နှင့် ကျွန်ုပ်မိတ်ဆွေတို့သည် နှစ်ဦးသဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။ အဆိုပါစာချုပ်အပိုဒ်(၆)တွင် အဆောက်အအုံ ဆောက်လုပ်ခြင်းကာလကို (၁)နှစ်အတွင်း အပြီးတည်ဆောက်ပေးရန်ဟု ထည့်သွင်းချုပ်ဆိုခဲ့သော်လည်း ဦးဇင်လင်းထက် (ကန်ထရိုက်တာ)သည် စာချုပ်တွင်ပါရှိသည့်အတိုင်း (၁)နှစ်အတွင်း အပြီးတည်ဆောက်ပေးခြင်းမရှိ သည့်အပြင် စာချုပ်အပိုဒ်(၁၃)တွင်လည်း ဤကန်ထရိုက်စနစ်ဖြင့် တိုက်ဆောက်လုပ်ရန် ပျက်ကွက်ခဲ့လျှင် ပေးအပ်ထားသောငွေ အဆုံးရှုံးခံ၍ အိမ်နှင့်ပတ်သက်သော စာရွက်/ စာချုပ်များ ပြန်လည်ပေးအပ်ရန် တာဝန်ယူသကဲ့သို့ဟူသော စာသားလည်း ထည့်သွင်းချုပ်ဆိုခဲ့ပါသည်။ ထို့ကြောင့် (ကန်ထရိုက်တာ) ဦးဇင်လင်းထက်ဘက်မှ စာချုပ်ပါသတ်မှတ်သည့် ကာလကို ကျော်လွန်လျက်ရှိပါသည်။ ဦးဇင်လင်းထက် (ကန်ထရိုက်တာ)ဘက်မှ သတ်မှတ်ကာလ (၁)နှစ်ကျော်လွန်လျက်ရှိပြီး အဆောက်အအုံအား ပြီးစီးအောင်ဆောက်လုပ်ပေးနိုင်ခြင်းမရှိသဖြင့် (၆–၆–၂၀၂၃)ရက်စွဲပါ ကန်ထရိုက်စနစ်ဖြင့် (၂)ခန်း တွဲ(၆)ထပ်တိုက် တိုက်ဆောက်လုပ်ရန် နှစ်ဦးသဘောတူစာချုပ်အား ကျွန်ုပ်မိတ်ဆွေ (မြေရှင်)ဘက်မှ ဖျက်သိမ်းကြောင်း ဦးဇင်လင်းထက်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန္ဒာစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၄၃၉)**
**အမှတ်(၆၂/က)၊ ဇင်ယော်လမ်း၊ (၁၈/ K)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ဖုန်း – ၀၉–၄၂၁၁၉၄၆၆၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ် ၁၆၄၊ ဦးပိုင်အမှတ် (၁၀)၊ ၂၂x၂၃ ကြား၊ ၈၁x၈၂ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဦးစိုးထွန်းမင်း၊ ဦးထိန်လင်းဝင်းတို့၏ (SP ရရှိသူ ဒေါ်မေပုလဲ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၈၁၅/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးသန်းအောင် ၁၂/မဂတ(နိုင်)၀၈၁၄၉၆က အမှုတွဲအမှတ် (၀၆၆၈/ဘ(ပြောင်း)/၂၀၂၄–၂၀၂၅)ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ် (၈၃၈)၊ ဦးပိုင်အမှတ် (၈၇)၊ ၄၃လမ်း၊ ၈၀x၈၁ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်မာတင်၏ (SP ရရှိသူ ဦးခင်မောင်စိုး)ထံမှ မှတ်ပုံ တင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၁၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းကြာ ၁၃/သပန(နိုင်)၀၈၉၁၂၅က အမှုတွဲအမှတ် (၀၆၆၉/ဘ (ပြောင်း)/ ၂၀၂၄–၂၀၂၅)ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၉၅)၊ ဦးပိုင်အမှတ်(၁၈–က)၊ ၇၂x၇၃ကြား၊ ၃၈x၃၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဉာဏ်ထွန်း ၉/မရတ(နိုင်)၀၆၅၀၀၇က အမှုတွဲအမှတ် (၅၈၁၇/၂၀၂၄–၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်–၁ ရပ်ကွက်၊ အကွက်အမှတ် (အပိုင်း ၇+၈)၊ ဦးပိုင်အမှတ်(၆၄)၊ ၃၉x၄၀ကြား၊ ၆၇x၆၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ဝင်းကြည် ၉/မရမ(နိုင်)၀၇၆၀၄၉ က အမှုတွဲအမှတ်(၅၈၁၈/၂၀၂၄–၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ–၈၁၊ ဦးပိုင်အမှတ် (၂၃–ခ+၂၅–ခ(ခဲစင်း))၊ ၅၄လမ်း၊ ၃၅x၃၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးညွန့်အောင်၊ ဒေါ်ဆွေဆွေမြင့်တို့၏ (SP ရရှိသူ ဦးမင်းသူ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၂၀၅/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွယ်နီ ၁၃/ဟပတ(နိုင်) ၀၁၇၁၈၆က အမှုတွဲ အမှတ် (၅၈၂၀/၂၀၂၄–၂၀၂၅)ဖြင့် ဦးပိုင်ခွဲကျန်၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ–၈၁၊ ဦးပိုင်အမှတ်(၂၃–ခ+၂၅–ခ(ခဲစင်း))၊ ၅၄လမ်း၊ ၃၅x၃၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးညွန့်အောင် ၊ ဒေါ်ဆွေဆွေမြင့် တို့၏ (SP ရရှိသူ ဦးမင်းသူ)ထံမှမှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၄၂၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အားမီ(ခ)ရွှေစင်ဦး ၁၃/ကတန(နိုင်) ၁၂၁၀၇၁၊ ဒေါ်ရွှေရည်လှိုင် ၁၄/ လမန(နိုင်) ၀၆၄၀၂၅တို့က အမှုတွဲအမှတ်(၅၈၂၁/ ၂၀၂၄–၂၀၂၅)ဖြင့် ဦးပိုင်ခွဲကျန်၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ–၆၊ ဦးပိုင်အမှတ်(၆၃/ခဲစင်း)၊ ၄၈ x ၄၉ လမ်းကြား၊ ၁၁၃ x ၁၁၄ လမ်းကြားရှိ ဦးချို အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးချို၊ မိခင် ဒေါ်တင်အေး၊ (သမီး/အစ်မ) ဒေါ်အိအိခိုင် (အပျိုကြီးဘဝဖြင့်)တို့ အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၉၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော သမီးများဖြစ်ကြသည့် ဒေါ်လွင်လွင်ခိုင် ၉/အမရ(နိုင်)၁၂၆၁၅၈၊ ဒေါ်မွန်မွန်အောင် ၉/အမရ(နိုင်)၁၂၆၃၃၉၊ ဒေါ်ခင်သူဇာအောင် ၉/အမရ(နိုင်)၁၇၂၉၈၇ တို့၏ (GPရရှိသူ ဒေါ်နု)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၄၉၃၆/၂၀၂၄–၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၁ရပ်ကွက်၊ အကွက်အမှတ် ဏ–၁၊ ဦးပိုင်အမှတ် (၉၁)၊ ၆၅လမ်း၊ ၁၀၂x၁၀၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နုနုအေး၏ (SP ရရှိသူ ဒေါ်မင်းမင်းထွေး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၂၇၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းကို ၉/မနတ(နိုင်)၀၂၀၆၅၇က အမှုတွဲအမှတ် (၅၈၂၃/ ၂၀၂၄–၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဖ–၃၊ ဦးပိုင်အမှတ် (၄)၊ ၅၇x၅၈လမ်းကြား၊ ၁၁၀x၁၁၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်ကြီးမြင့်ဆွေ၏ (SP ရရှိသူ ဦးစိုင်းညွန့်ရွှေ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၄၇၆/၂၀၂၃) ဖြင့်ဝယ်ယူခဲ့သူ ဒေါ်နန်းနှင်းအေး ၁၃/မဆတ(နိုင်)၀၄၁၀၂၁က အမှုတွဲအမှတ် (၅၈၂၅/၂၀၂၄–၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၃ရပ်ကွက်၊ အကွက်အမှတ် C–၄၊ ဦးပိုင်အမှတ် (၄၄–က)၊ ၆၄(B)လမ်း၊ ၁၀၈x၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၇၉၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးသန့်ဇင်လင်း(ခ)ဦးဟိန်းထက်အောင် ၉/အမဇ(နိုင်)၀၁၂၅၁၇က အမှုတွဲအမှတ် (၅၈၂၄/၂၀၂၄–၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

ဦးမိုးဝင်း၏သမီး တာချီလိတ်မြို့၊ ဟောင်လိတ် (အထက) ကျောင်း Grade–11(B)မှ မသင်းသင်းမြတ် (ကျောင်းဝင်အမှတ်–၁၀၁၀/၂၃)၏ မွေးသက္ကရာဇ် အမှန်မှာ (၁၅–၃–၂၀၀၇)ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ငူမြို့၊ အထက (၄)၊ Grade–11 တွင် ပညာသင်ကြားနေသော မသက်ငုံဖူး၊ အုတ်တွင်းမြို့နယ်၊ သရက်ပင် မောင်နှမကျေးရွာ၊ မူလွန် (သရက်ပင်မောင်နှမ)ကျောင်း၊ Grade–5 တွင် ပညာသင်ကြားနေသော မောင်ခန့်မင်းငယ်နှင့် မူလွန် (သရက်ပင် မောင်နှမ) ကျောင်း Grade–4 တွင် ပညာသင်ကြားနေသော မပိုးပွင့်ဖြူ တို့၏ ဖခင်အမည်မှန်မှာ ဦးနေဝင်း ၇/အတန(နိုင်)၀၃၅၆၉၇ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/3189 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်စိုး ၇/ပခန(နိုင်)၃၂၈၂၃၀ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ အထက တော်ဝ၊ grade–11 မှ မောင်ဖြိုးလင်းဇော်၏ ဖခင်အမည်မှန်မှာ ဦးဝင်းစိုး ၁၄/ဓနဖ(နိုင်)၁၀၇၁၂၄ ဖြစ်ပါကြောင်း ။

**ဦးဝင်းစိုး**

## စာအုပ်စာပေလှူမိတ်ဆွေ

## အများသိစေရန်ကြေညာချက်

### (ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်–၆၃ နေ ဒေါ်မြင့်မြင့်ကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ)

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၅)ရပ်ကွက်၊ ဘုံရှည်ကုန်းကျေးရွာ၊ စံပယ်လမ်း၊ အမှတ်–၆/၁၆၄၊ (၄၅' x ၄၀')ရှိ အိမ်ခြံမြေနှင့် အမှတ်(မရှိ)၊ ဦးထွန်းဝင်းလမ်း၊ ဘုံရှည်ကုန်းကျေးရွာ၊ ရွှေပြည်သာ မြို့နယ် (၃၅' x ၂၅') ရှိ အိမ်ခြံမြေနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ တွဲဖက်ခရိုင်တရားသူကြီး(၁)၊ တရားရုံး၌ တရားမကြီးမှုအမှတ်(၉၂/၂၀၂၃)ဖြင့် ဒေါ်မြင့်မြင့်ကြည်မှ တရားလိုပြုလုပ်၍ ဒေါ်အေးနှင်းဝေ၊ ဒေါ်စန်းစန်းအေး တရားပြိုင်များအပေါ် "အိမ်ခြံမြေကွက်အတွင်းမှ အခမဲ့ခွင့်ပြုချက်ဖြင့်ထားသူများအားလုံး ဖယ်ရှားထွက်ခွာပေးစေလိုမှုဖြင့်"တရားစွဲဆိုရာ(၃၁–၁–၂၀၂၄)ရက်စွဲဖြင့် မင်္ဂလာဒုံခရိုင်၊ တွဲဖက်ခရိုင်တရားသူကြီးမှ ဖယ်ရှားထွက်ခွာပေးရန် စီရင်ချက် ချမှတ်ထားပါသည်။ အဆိုပါအိမ်ခြံမြေနှင့် ပတ်သက်၍ မည်သူကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာဇာထွေး(LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၃၈၄)**
**အမှတ်–၂၄၁(က)၊ စွယ်တော်လမ်း၊ ၅/၈ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၄၃၀၉၅၂၀၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ်(၃)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဦးသောင်းတင် (TGA - ၀၃၅၅၈၈)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်လေးစိုး(၁၂/ဒဂန(နိုင်) ၀၁၇၃၇၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်နှင့် အရန်တစ်လစာအတွက် ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား/သူ၊ အချုပ်သား/သူ၊ ရဲဘက်လုပ်အားရှင်များအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်နှင့် အရန်တစ်လစာအတွက် ကျွေးမွေးရန် လိုအပ်သော ရိက္ခာဆန် (၇၄၆၅၃)အိတ်ကို သက်ဆိုင်ရာ အကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူမည် ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **လုပ်ငန်းအမည်** - ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်နှင့် အရန်တစ်လစာအတွက် လိုအပ်သော ရိက္ခာဆန်ဝယ်ယူခြင်းလုပ်ငန်း

၃။ **ဝယ်ယူမည့်အရေအတွက်** - ရိက္ခာဆန်(၇၄၆၅၃)အိတ်

၄။ **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဈေးနှုန်း** - အိတ်ဖွင့်တင်ဒါတစ်စုံလျှင် (၆၀၀,၀၀၀/ -)နှုန်း

၅။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၁၅-၁-၂၀၂၅ရက်မှ ၂၈-၁-၂၀၂၅ရက်ထိ (၁၄)ရက် ရုံးချိန်အတွင်း

၆။ **တင်ဒါရောင်းချမည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ အင်းစိန်မြို့နယ်

၇။ **တင်ဒါဖွင့်ဖောက်မည့်နေ့ရက်** - ၃၀-၁-၂၀၂၅ရက် (ကြာသပတေးနေ့) (ရက်အပြောင်းအလဲရှိနိုင်ပါသည်။

**အချိန်** - (၁၀၀၀)နာရီ

၈။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး-၀၁-၂၁၇၅၂၀၊ ၀၁-၂၁၇၅၂၁

(ခ) ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး - ၀၁၃-၆၄၂၄၉၅၊၀၁၃-၆၄၂၄၉၆

**တင်ဒါစိစစ်ရေးအဖွဲ့**

**ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဆူနီတား ၁/မကန(နိုင်)၁၁၀၆၇၉ ၏ ပတ်စ်ပို့နံပါတ် (MD-091714) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၄၈၃၁၃၈၂**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်နီရ်မာလာဒေဗီ ၁/ဝမန(နိုင်)၀၅၇၁၀၄ ၏ ပတ်စ်ပို့နံပါတ် (MB-046625)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၇၄၁၉၄၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်စိုးပပအေး၁/မစန(နိုင်)၀၁၀၈၂၇၏ ပတ်စ်ပို့နံပါတ် (MI-305750) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၂၂၃၂၃၂**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၂)၊ Grade-9(A)မှ မောင်ထက်ပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးမျိုးလင်းနိုင် ၁/မကန(နိုင်) ၁၄၆၂၀ ဖြစ်ပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁-၂၀၂၅ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၁)ပါ ပဲခူးမြို့၊ နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး အမိုးတန်ဆောင်းတော် တည်ဆောက်ရာတွင် ပါဝင်လှူဒါန်းနိုင်ကြောင်း ကြော်ငြာတွင် ဖုန်းနံပါတ် ၀၉ ၂၅၉ ၀၁၀ ၅၂၆ အစား **၀၉ ၂၅၉ ၀၁၀ ၅၁၆** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက၊ ပမ္မတီး၊ Grade-9(A)မှ မောင်ဆွတ်ဆန်အောင်၏ ဖခင်အမည်မှန်မှာ ဦးတူးလွမ် ၁/မကန(နိုင်) ၀၄၄၈၀၉ ဖြစ်ပါသည်။

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၂၄၈/B)နေ(ဘ) ဦးမြင့်သိန်း၏ သမီးဖြစ်သူ ဒေါ်စုလှိုင်နှင်း ၁၂/ကတတ(နိုင်)၀၃၁၃၄၃၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် မိဘဆွေမျိုးတို့၏ အုပ်ထိန်းမှုအောက်တွင် ကောင်းမွန်စွာနေထိုင်သည့် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နေသော အိမ်ထောင်မရှိသူ လွတ်လပ်သည့် ဂုဏ်သိက္ခာရှိ မြန်မာအမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

ထိုသို့ ဂုဏ်သိက္ခာနှင့်အညီနေထိုင်ပြီး မိဘဆွေမျိုးအသိုင်းအဝိုင်းအုပ်ထိန်းမှုအောက်တွင် ကောင်းမွန်စွာ နေထိုင်သည့် ကျွန်ုပ်မိတ်ဆွေအပေါ် ဂုဏ်သိက္ခာနှင့်စိတ်နှလုံးကို ညှိုးနွမ်းထိခိုက်စေရန် ပြောဆိုခြင်း၊ စာရေးသားပေးပို့ခြင်း၊ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခြင်း အခြားနည်းဖြင့် ဆက်သွယ်နှောင့်ယှက်ခြိမ်းခြောက်ခြင်းများကို မလိုလားသည့်သူများက ပြုလုပ်ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

သို့ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာနှင့်စိတ်နှလုံးကို ညှိုးနွမ်းထိခိုက်စေရန် ဆောင်ရွက်ခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် ဆောင်ရွက်ပါက စုံစမ်းဖော်ထုတ်၍ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုလှိုင်နှင်း (၁၂/ကတတ(နိုင်)၀၃၁၃၄၃)၏ ညွှန်ကြားချက်အရ-**

**ဒေါ်သက်သက်အောင်(စဉ်- ၂၈၃၅၀ )** **ဦးကျော်စွာဝင်း(စဉ်-၁၈၃၉၉)**

**အထက်တန်းရှေ့နေ(LL.B.)** **တရားလွှတ်တော်ရှေ့နေ**

**A.G.T.I(EC);WIPO(Switzerland);LL.B.**

**၁၆၇၉/က၊ သလ္လာဝတီအနောက်(၅)လမ်း၊**

**၁၀/တောင်၊ (၁၄)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-09-250667457/ 09-678651134**

## ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ နေပြည်တော်အချုပ်ထောင် ဇမ္ဗူသီရိမြို့နယ်၊ ကင်းသာ (၁/၂)၊ ကုန်ထုတ်စခန်း တပ်ကုန်းမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေရှိ အကျဉ်းသားများအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း စားသုံးရန် လိုအပ်သော ရိက္ခာဆန် (၄၅၉၂)အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပေးသွင်းသူအနေဖြင့် တင်ဒါယှဉ်ပြိုင်သည့်ရက်၌ စပေါ်ငွေအဖြစ် ရိက္ခာဆန်အိတ် တန်ဖိုးကျသင့်ငွေ၏ ၁% ကို တင်ဒါအာမခံ စပေါ်ငွေအဖြစ် Payment Order Cheque (PO Cheque) ပြုလုပ်ပေးသွင်းရန်နှင့် မိမိပေးသွင်းမည့် ရိက္ခာဆန်နမူနာတို့အား ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရပါမည်။

၃။ **တင်ဒါပုံစံရောင်းချမည့် ရက်/နေရာ** - ၁၅-၁-၂၀၂၅ ရက်မှ ၂၈-၁-၂၀၂၅ ရက်ထိ (ရုံးချိန်အတွင်းသာ) နေပြည်တော်အချုပ်ထောင် ဇမ္ဗူသီရိမြို့နယ်

၄။ **တင်ဒါဖွင့်မည့်ရက်နှင့် အချိန်/နေရာ** - ၃၀-၁-၂၀၂၅ ရက် နံနက် ၁၀ နာရီ ဖြစ်ပါသည်။ နေပြည်တော်အချုပ်ထောင်၊ ဇမ္ဗူသီရိမြို့နယ်

(ရက်နှင့်အချိန်အပြောင်းအလဲရှိနိုင်ပါသည်။)

၅။ တင်ဒါတစ်စုံလျှင် ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း)နှုန်းဖြင့် တာဝန်ခံအရာရှိ နေပြည်တော်အချုပ်ထောင် ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့တွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက တာဝန်ခံအရာရှိ နေပြည်တော်အချုပ်ထောင် ဖုန်း ၀၉-၄၅၈၆၂၁၄၀၃၊ ၀၉-၄၂၀၁၄၄၁၂၃၊ ၀၆၇-၄၃၁၄၂၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁(က) စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်မှတ်(၂၁)၊ မြေရေိယာ ၀ ဒသမ ၁၁၀ ဧကအား မြေငှားဂရန် အမှုတွဲအမှတ် ၁၁၈/၂၀၁၄-၂၀၁၅ အရ ဒေါ်လဲ့လဲ့ခိုင် အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၅၅/၂၀၂၄) ဖြင့် ဒေါ်ထိုက်ထိုက်ချိုမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ထိုက်ထိုက်ချို ၆/ကစန(နိုင်)၀၅၉၃၃၂မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁(က) စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်မှတ်(၁၈)၊ မြေရေိယာ ၀ ဒသမ ၁၁၀ ဧကအား မြေငှားဂရန် အမှုတွဲအမှတ်၊ ၁၁၇/၂၀၁၄-၂၀၁၅ အရ ဒေါ်လဲ့လဲ့ခိုင် အမည်ဖြင့်ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၅၅/၂၀၂၄) ဖြင့် ဒေါ်ထိုက်ထိုက်ချိုမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ထိုက်ထိုက်ချို ၆/ကစန(နိုင်) ၀၅၉၃၃၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၊ အမှတ် (၉)ရပ်ကွက်၊ ကင်မွန်းချုံရပ်၊ အကွက်အမှတ် (၂၆/ ကျောက်လုံးကြီး)၊ ဦးပိုင်အမှတ် (၃၈)၊ မြေကွက်အမှတ် (၂၂၄)၊ မြေမျိုးနှင့် အတန်း-မြို့မြေ၊ ပိုင်ဆိုင်ခွင့်- L၊ မြေရေိယာ (၀.၀၃၇)ဧကရှိ မြေကွက်အား ဦးအောင်အောင်စိုး အမည်ဖြင့် မြေငှားဂရန် အသစ် လျှောက်ထားလာပါသည်။ ထိုသို့လျှောက်ထားလာမှုအပေါ် မည်သူမဆို ခိုင်လုံလှသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်လိုပါက ချောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ချောက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေငှားဂရန်အသစ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊ (၈)ရပ်ကွက်၊အကွက်အမှတ်(၂)၊ အုတ်ကျွတ်တန်းတောင်၊ ဦးပိုင်အမှတ်( ၃၈-ခ)၊ ဧရိယာ(၀ဒသမ၀၃၂)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | |
|---|---|---|
| (က) | အရှေ့လားသော် | - ဦးပိုင်အမှတ်(၃၇) |
| (ခ) | အနောက်လားသော် | - ရန်ကုန်-မန္တလေးကားလမ်း |
| (ဂ) | တောင်လားသော် | - ဦးပိုင်အမှတ်(၃၈-က) |
| (ဃ) | မြောက်လားသော် | - ဦးပိုင်အမှတ်(၃၈-က) |

အထက်ဖော်ပြပါ မြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဒေါ်အေးမြမွေးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**

**တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာနတောင်ငူမြို့**

## Passport ပျောက်ဆုံးကြောင်း

ရမည်းသင်းမြို့နယ်၊ လက်ပံတောကျေးရွာနေ (ဘ)ဦးရွှေမောင်၏ သမီး မချောချောခိုင် ၉/ရမသ(နိုင်)၁၇၂၈၆၇၏ နိုင်ငံကူးလက်မှတ် အမှတ် (MB-443066) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၉၄၁၀၉၀၄၉၅သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

## ဖခင်အမည်မှန်

ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင် သင်တန်း ၂၀၂၄ပညာသင်နှစ်၊ ပထဝီဝင်(အထူးပြု) ၄ပ-၁၉၂ (၀၂၃)ဖြင့်ဖြေဆိုအောင်မြင်သော နန်းမွေငင်း၏ဖခင် အမည်မှန်မှာ ဦးစိုင်းမွန်းဖြစ်ပါကြောင်း။

**ဦးစိုင်းမွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/3011 ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်မင်းထွန်း ၈/ပခက(နိုင်)၂၁၄၃၄၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**

**(မြစ်ကြီးနား)**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၁၉)ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်းတွင် နေထိုင်သော ဒေါ်အေးမို့မို့အောင်(၁၂/ဒဂတ(နိုင်)၀၆၄၉၃၅) နှင့် ဦးရဲလင်းအောင် (၁၂/ဒဂရ(နိုင်)၀၁၅၆၄၀)တို့သည် မြန်မာဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၂၀၁၈)ခုနှစ်တွင် တရားဝင်အကြင် လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်လာခဲ့ရာ ယခုအချိန်တွင်တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားတိုက်ဆိုင်ခြင်းမရှိတော့ပါသဖြင့် ၁၁-၁-၂၀၂၅ရက်တွင် နှစ်ဦးသဘောတူ ဆန္ဒအရစိတ်ကြည်ဖြူစွာဖြင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို အသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးချုပ်ဆိုပြီးဖြစ်၍ အကြင်လင်မယားအဖြစ်မှ တရားဝင်ပြတ်စဲပြီးဖြစ်ကြောင်းနှင့် နောက်နောင်တွင် ဦးရဲလင်းအောင်နှင့်ပတ်သက်သော စီးပွားရေး၊ လူမှုရေး၊ ငွေရေး ကြေးရေးကိစ္စအဝဝတို့သည် ဒေါ်အေးမို့မို့အောင်နှင့် သက်ဆိုင်ခြင်း မရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်

**ဒေါ်အေးမို့မို့အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ပန်းအဥ္စလီကျော် (LLB)** **ဒေါ်အိအိချို (LL.B)**

**အထက်တန်းရှေ့နေ(စဉ် -၅၄၃၀၈)** **အထက်တန်းရှေ့နေ(စဉ်-၅၅၈၈၆)**

**အမှတ်(၃၃)၊ ကံသာရပ်(၁)ကွက်၊** **ကုက္ကိုကုန်းရွာ၊ ကောလင်းမြို့**

**ညောင်ရွှေမြို့။** **ဖုန်း - ၀၉-၂၅၈ ၆၈၈ ၂၅၂**

**ဖုန်း-၀၉-၇၇၆၇၅၄၄၂၀၊**

**၀၉-၂၅၉၁၂၁၇၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/92585, Honda Scoopy-110,M/C အား စစ်တွေမြို့၊ ကသဲရပ်ကွက်နေ ဦးမင်းသီဟဖြိုး ၁၁/စတန(နိုင်)၀၉၃၂၀၁က(ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**

**(စစ်တွေ)**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ်(၂-ခ)၊ ဦးပိုင်အမှတ်(၂၄၃/၁)၊ မြေရေိယာ (၀ဒသမ၆၂၄)ဧကရှိ မြေကွက်သည် မူလက ဦးဝါလေးအမည်ဖြင့် (၁၈-၄-၂၀၁၇)ရက်အထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးဝါလေး(ခ)ဝါလေးက (၁၃-၁၁-၂၀၂၄)ရက်စွဲပါစာချုပ် စာတမ်းမှတ်ပုံတင်အမှတ်(၅၁၁/၂၀၂၄)အရ အဆိုပါမြေကွက်အား ဦးလာမြာဝူ(ခ)လမြဝူ ၁/မကန(နိုင်) ၀၈၂၅၁၉ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးလာမြာဝူ(ခ)လမြာဝူ အမည်ဖြင့်မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထား လာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက် ပြည့်မြောက်သည့် ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေပြည်သာရပ်ကွက်၊ ကွင်းအမှတ်(၇၄/၁)၊ ဦးပိုင်အမှတ်(၁၈၉၇)၊ မြေချိန်ဧရိယာ (၀ဒသမ၂၃၀)ဧကရှိ မြေကွက်သည် မူလက ဦးကျော်ထွန်း အမည်ဖြင့် (၂၇-၄-၂၀၂၁)ရက်အထိ (၁၀)နှစ် မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးကျော်ထွန်း(၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးခင်ဇော်)က (၉-၁၂-၂၀၂၄)ရက်စွဲပါစာချုပ် စာတမ်းမှတ်ပုံတင်အမှတ်(၅၃၆/၂၀၂၄)အရ မူလဧရိယာ(၀ဒသမ၂၃၀)ဧကအနက်မှ မြောက်ဘက် အခြမ်းဧရိယာ (၀ဒသမ ၁၁၅)ဧကအား ဦးပိုင်ခွဲစိတ်၍ဦးဒီးအာဇီ ၁/မကန(နိုင်) ၀၉၂၆၀၄ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးဒီးအာဇီ အမည်ဖြင့်မြေငှားဂ ရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထား လာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေပြည်သာရပ်ကွက်၊ ကွင်းအ မှတ်(၇၄/၁)၊ ဦးပိုင်အမှတ်(၁၈၉၇)၊ မြေချိန်ဧရိယာ (၀ဒသမ၂၃၀)ဧကရှိ မြေကွက်သည် မူလက ဦးကျော်ထွန်း အမည်ဖြင့် (၂၇-၄-၂၀၂၁)ရက်အထိ (၁၀)နှစ် မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးကျော်ထွန်း(၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးခင်ဇော်) က (၉-၁၂-၂၀၂၄)ရက်စွဲပါစာချုပ် စာတမ်းမှတ်ပုံတင်အမှတ်(၅၃၅/၂၀၂၄)အရ မူလဧရိယာ(၀ဒသမ၂၃၀)ဧကအနက်မှ တောင်ဘက် အခြမ်းဧရိယာ (၀ဒသမ၀၁၅)ဧကအား ဦးပိုင်ခွဲစိတ်၍ဒေါ်မြင့်မြင့်ကျော် ၁/မကန(နိုင်)၁၅၃၇၀၉ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်မြင့်မြင့်ကျော် အမည်ဖြင့်မြေငှားဂ ရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/83207, Dayang- 110 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ခရိုင်ရုံး**

**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၉၁၇၂၉ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနောင်နောင် ၁၀/မလမ(နိုင်) ၂၇၇၅၄၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**

**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဟ/၇၁၅၂ ယာဉ်လက်ဝယ်ရှိသူ ဦးစန်းလွင် ၇/အတန(နိုင်)၀၀၀၂၁၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**

**(မော်လမြိုင်မြို့)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများမှ အကျဉ်းသား/သူ၊ အချုပ်သား/သူများနှင့် လုပ်အားရှင်များအား ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေး ရန် လိုအပ်သော ရိက္ခာဆန် ၈၆,၃၉၇အိတ်ကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ ပုံစံတစ်စောင်လျှင် ၇၂၀၀၀၀/ ကျပ်နှုန်းဖြင့် ရောင်းချသွားပါမည်။

